# ကြေးမုံ

**The Mirror Daily**
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 May 2024 ၁၁၄၅၈


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့ စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# YBS ယာဉ်မောင်းများ ယာဉ်မောင်းနှင်နေစဉ်အတွင်း ဖုန်းပြောဆိုခြင်းနှင့် ဆေးလိပ်သောက်ခြင်းများတွေ့ရှိပါက ဒဏ်ရိုက် အရေးယူဆောင်ရွက်မည်



ရန်ကုန်မြို့တွင်း ပြေးဆွဲမောင်းနှင်နေကြသည့် YBS ယာဉ်များကို တွေ့ရစဉ်။
ဓာတ်ပုံ - စိုးမြင့်အောင်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ခရီးသည်တင်မော်တော်ယာဉ်မောင်းများ ယာဉ်မောင်းနှင်နေစဉ်အတွင်း ဖုန်းပြောဆိုခြင်းနှင့် ဆေးလိပ်သောက်ခြင်းများ တွေ့ရှိပါက အများပြည်သူအနေဖြင့် တိုင်ကြားနိုင်ပြီး စည်းကမ်းလိုက်နာမှုမရှိသည့် ယာဉ်မောင်းများအား ဒဏ်ကြေးငွေကျပ် သုံးသောင်း ဒဏ်ရိုက်ကာ ပြစ်ဒဏ်ချမှတ်၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ( YRTC) မှသိရသည်။

"ယာဉ်မောင်းရင်းနဲ့ ဆေးလိပ်မသောက်ဖို့ ယာဉ်မောင်းတွေကို ညွှန်ကြားထားတာရှိပါတယ်။ ဒါကိုလည်း အများပြည်သူအနေနဲ့ ယာဉ်မောင်းဆေးလိပ်သောက်တာ တွေ့ရှိတယ်ဆိုရင် YRTC ရဲ့ Call Center ဖုန်းနံပါတ်ကို ဆက်သွယ်တိုင်ကြားနိုင်ပါတယ်။ နောက်ပြီး ယာဉ်မောင်းတဲ့အခါမှာ ဟန်းဖုန်းပြောရင်းနဲ့ မောင်းနှင်တာတွေ့ရှိရင်လည်း တိုင်ကြားနိုင်ပါတယ်။ အများပြည်သူကတိုင်ကြားလို့ရှိရင် အဲဒီစည်းကမ်းမလိုက်နာတဲ့ယာဉ်မောင်းကို ဒဏ်ကြေးငွေကျပ် သုံးသောင်းသတ်မှတ်ထားတာရှိတာကြောင့် ယာဉ်မောင်းက အဲဒီဒဏ်ကြေးငွေကို ပေးဆောင်ရမှာ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)၏ တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC) အနေဖြင့် ယင်းကဲ့သို့ မပြုလုပ်ရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်ထားပြီဖြစ်ရာ YBS ခရီးသည်တင်ယာဉ်မောင်းများ ယာဉ်မောင်းနှင်နေစဉ်အတွင်း ဖုန်းပြောဆိုခြင်းနှင့် ဆေးလိပ်သောက်ခြင်းများ တွေ့ရှိပါက စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

**ယနေ့ ဖတ်စရာ**

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

စာမျက်နှာ » ၆



## ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်

စာမျက်နှာ » ၈

## ဩစတြေးလျတောင်ပိုင်း၌ အသက် ၁၄ နှစ်အောက် ကလေးများကို ဆိုရှယ်မီဒီယာအသုံးပြုခြင်းမှ တားမြစ်သွားမည်

စာမျက်နှာ » ၁၃

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၄

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၄၃ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၄၃ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးမွေးမြူရေးတွန်းအားပေး

နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမောင်းနှင်အား အားကောင်းပါမှ အခြားကဏ္ဍများ တိုးတက်ခိုင်မာကောင်းမွန်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စီးပွားရေးမောင်းနှင်အား ကောင်းမွန်စေရန်အတွက် ပြည်တွင်းစွမ်းပကားများဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရန် မြှင့်တင်အားပေးဆောင်ရွက်ကြသည်။ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွား မြင့်မားလာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များချမှတ်၍ စီးပွားရေးကဏ္ဍမြင့်မားတိုးတက်အောင် ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးကဏ္ဍတွင် တိုးတက်သင့်သလောက် တိုးတက်လာသော်လည်း မွေးမြူရေးကဏ္ဍတွင် အားနည်းချက်များရှိနေသေးသည်။ စိုက်ပျိုးရေးကဏ္ဍတွင် နွေစပါးစိုက်ပျိုးရေး၌ မျိုးစေ့ချကိရိယာကို အသုံးပြုနိုင်သည့်အတွက် အထွက်နှုန်းပိုမိုကောင်းမွန်လာသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ စိုက်နည်းစနစ် မှန်ကန်စွာဖြင့် အထွက်နှုန်းကောင်းမွန်လာအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးပြီး ပိုမိုအောင်မြင်လာအောင် ကြိုးပမ်းစိုက်ပျိုးကြရန် လိုအပ်သည်။ နိုင်ငံတော်အကြီးအကဲက နိုင်ငံတွင် လူဦးရေအများဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူများအတွက် တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထုတ်လုပ်မှုများဖြင့် လောက်ငဖူလုံအောင် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

အလားတူ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များကလည်း မိမိတို့ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ဒေသတွင်း စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များကို လောက်ငဖူလုံအောင် ထုတ်လုပ်နိုင်သော်လည်း အချို့ဒေသများမှာ အခက်အခဲအကြောင်းအမျိုးမျိုးတို့ကြောင့် လိုအပ်ချက်များရှိနေသေးသည်။

မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဥစားကြက်၊ အသားတိုးကြက်များကို စီးပွားဖြစ်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူမှုတွင် စုစုပေါင်းကောင်ရေ ၁၇ သန်းမှ သန်း ၂၀ နီးပါးအကြားရှိသည်ကို တွေ့ရသည်။ မွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် အစာစပ်စက်ရုံများတည်ဆောက်၍ ကိုယ်တိုင်အစာစပ်ထုတ်လုပ်သည့်နည်းစနစ်ဖြင့် ဆောင်ရွက်ပါက တိရစ္ဆာန်အစာကုန်ကျစရိတ်သည် ပြင်ပပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းခန့် သက်သာနိုင်သည့်အပြင် ကိုယ်တိုင်ထုတ်လုပ်သဖြင့် လိုအပ်ချက်အပေါ်မူတည်၍ လိုအပ်သလိုထုတ်လုပ်နိုင်သဖြင့် ပြင်ပကိုမှီခိုအားထားခြင်းပြုစရာမလိုဘဲ ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။

ထုတ်လုပ်မှုစရိတ်ကို လျှော့ချနိုင်သဖြင့် ပြင်ပပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးနိုင်မည်ဖြစ်သည်။ အလားတူ ကြက်မွေးမြူရေးအပြင် ကျွဲ၊ နွား၊ ဝက်၊ ငါး၊ ပုစွန် အစားအစာများကို ကိုယ်တိုင်အစာစပ်စက်ရုံများတည်ဆောက်ထုတ်လုပ်နိုင်ပါက မွေးမြူရေးလုပ်ငန်းများ ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့်ကျပ်ငွေ ရှစ်ဘီလီယံခန့်ရှိပြီး လုပ်ငန်းရှင်များသို့ ထုတ်ချေးငွေပမာဏ ၇ ဒသမ ၅ ဘီလီယံကျော်ရှိသည်။

အဆိုပါထုတ်ချေးငွေများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းရေးနှင့် နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေးအတွက် ထုတ်ပေးထားခြင်းဖြစ်၍ ချေးငွေများကို အမှန်တကယ် လုပ်ငန်းလည်ပတ်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ချေးငွေများကို ထုတ်ချေးပေးရာတွင် ကာလတိုချေးငွေ၊ ကာလလတ်ချေးငွေနှင့် နှစ်ရှည်ချေးငွေများအဖြစ် သတ်မှတ်ထုတ်ချေးထားသည်။ ထုတ်ချေးထားသည့် ချေးငွေများအပေါ်မူတည်၍ ချေးယူထားသော လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ မှန်မှန်ကန်ကန်လည်ပတ်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ချေးငွေများဖြင့် အမှန်တကယ် လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်မှုရှိ၊ မရှိကို စိစစ်ခြင်း၊ ချေးငွေပြန်ဆပ်နိုင်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ထပ်မံ၍ ရင်းနှီးငွေများလည်ပတ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပြီး နိုင်ငံတော်၏ ပံ့ပိုးမှုများကို ထိရောက်စွာအသုံးချကာ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြပြီး ဒေသတွင်း စားရေရိက္ခာဖူလုံရေးမှသည် အပိုအလျှံများကို လိုအပ်သည့်နေရာများသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့ စီးပွားမြင့်မားတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ကိုယ့်အကြောင်းနှင့် ကိုယ့်ကိုယ်ကိုယ် စာလုံးပေါင်း

အဘိဓာနပ္ပဒီပိကာကျမ်းတွင် “ခန္ဓာကိုယ်” ဟု အနက်ပြန်သော ပါဠိပုဒ် ၁၀ ပုဒ်ပြထားသည်ကို တွေ့ရသည်။ ယင်းတို့မှာ “သရီရ၊ ဝပု၊ ဂတ္တ၊ အတ္တဘာဝ၊ ဗုန္ဒိ၊ ဝိဂ္ဂဟ၊ ဒေဟ၊ ကာယ၊ တနု၊ ကလေဝရ” ဟူသောပုဒ်များဖြစ်ကြသည်။ ပုဒ်အားလုံး “ခန္ဓာကိုယ်” ဟောချည်းဖြစ်သည်။ ထို ၁၀ ပုဒ်အနက်မှ “ကာယ” ဟူသောပုဒ်ကို “ကိုယ်” ဟု မြန်မာမှုပြုထားခြင်းဖြစ်သည်ဟု အချို့က ယူဆကြသည်။ ဤအယူအဆမှာ စဉ်းစားဖွယ်၊ ဆင်ခြင်ဖွယ်ဖြစ်နေပေသည်။ တိပိဋကပါဠိ- မြန်မာအဘိဓာန်တွင် “ကာယ” ဟူသောပုဒ်ကို “ကိုယ်”ဟု အနက်ပြန်ဆိုခဲ့၊ စာလုံးပေါင်းခဲ့၊ သုံးနှုန်းခဲ့ကြသည်မှာ ကာလအတန်ကြာခဲ့ပေပြီ။ “ကိုယ်” ဟူသော အရေး အလွန်အရေးတွင်ကျယ်ခဲ့သည်ဟု ဆိုရပေမည်။

“ကိုယ်” ဟူသော အသုံးအနှုန်း အလွန်များပြားလှပါသည်။ “ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်၊ ကိုယ်ကျင့်တရား၊ ကိုယ်ချင်းစာ၊ ကိုယ်စားလှယ်၊ ကိုယ်စီကိုယ်င၊ ကိုယ်တိုင်ကိုယ်ကျ၊ ကိုယ်ထိလက်ရောက်၊ ကိုယ်ထူးကိုယ်ချွန်၊ ကိုယ်ထင်ပြ၊ ကိုယ်ဖိရင်ဖိ၊ ကိုယ်ရေးကိုယ်တာ၊ ကိုယ်ရောစိတ်ပါ၊ ကိုယ်လုံးကိုယ်ပေါက်၊ ကိုယ်လွတ်လက်လွတ်၊ ကိုယ်ဝန်ဆောင်” စသည် စသည်များလှစွာ၏။ ဤသို့ အသုံးတွင်ခဲ့၊ အရေးတွင်ခဲ့သော “ကိုယ်” ဟူသော အရေးသည် မြန်မာစာတတ်သူအားလုံးက နှစ်ခြိုက်မြတ်နိုးစွာ လက်ခံသုံးနှုန်းရေးသားကြသော အသုံးအနှုန်း၊ အရေးအသား ဖြစ်နေချေပြီ။ စာရေးသူကိုယ်တိုင်လည်း “ကိုယ်” ဟူသောအသုံး၊ “ကိုယ်” ဟူသောစာလုံးပေါင်းကို နှစ်ခြိုက်ပါသည်။ “ကိုယ်”၏ အနက်၊ အဓိပ္ပာယ်နှင့် ပါဠိဘာသာ “ကာယ”ဟူသော ပုဒ်၏အနက်၊ အဓိပ္ပာယ်တို့ တူညီသည်ဟုလည်း ခံစားနားလည်ထားပါသည်။ သို့ရာတွင် “ကာယ” ဟူသောပုဒ်မှ “ကိုယ်” ဖြစ်လာသည်ဟူသော စကားလုံးပြောင်းထုံးကိုမူ ဘဝင်ကျကျလက်ခံရန် ခဲယဉ်းနေပါသည်။ -

ရှင်းပါမည်။ “ကာယ” မှ “ကိုယ်”ဟု ပြောင်းသောစာလုံးပေါင်းပြောင်းထုံးကို တွေ့ရခဲသည်ဟု ဆိုရပါလိမ့်မည်။ တစ်နည်းဆိုသော် အာယ ( -ာယ )မှ အိုယ် (-ိုယ်) ဟူသော ပြောင်းထုံးဟု ဆိုလိုပေသည်။ “-ာယ” မှ “-ိုယ်” ဟု မပြောင်းဘဲ “-ာယ”မှ “-ာယ်” သို့သာ စာလုံးပေါင်းပြောင်းရိုးဖြစ်သည်ကို တွေ့ရပါသည်။

သာဓက။ ။ နိကာယ>နိကာယ်။ ပဉ္စနိကာယ > ပဉ္စနိကာယ်။ ရူပနိကာယ > ရူပနိကာယ်။ သဒ္ဒနိကာယ > သဒ္ဒနိကာယ်။ သရဏ္ဍာယ > သရဏ္ဍာယ်။ ဥပဏ္ဍာယ > ဥပဏ္ဍာယ်။ သပ္ပာယ > သပ္ပာယ်။ အပါယ > အပါယ်။ အလမ္ပာယ > အလမ္ပာယ်။ ဥပါယ > ဥပါယ်... စသည်။

သို့ဖြစ်ရာ “ခန္ဓာကိုယ်” မှ “ကိုယ်” သည် “ကာယ”မှ ပြောင်းလာသည်ဟုဆိုရန် ခက်ပေလိမ့်မည်။ “ကာယ”မှ “ကာယ်” သို့သော စာလုံးပေါင်း ပြောင်းထုံးအတိုင်းပြောင်းပါကလည်း “ကာယ်ခန္ဓာ၊ ခန္ဓာကာယ်၊ ကာယ်ကျင့်တရား၊ ကာယ်ချင်းစာ၊ ကာယ်စားလှယ်” စသည် စသည် အရေးများ၊ အပြောများ ဖြစ်လာရန် အကြောင်းရှိပေသည်။

ဤသို့ဆိုလျှင် “ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်” စသည်တို့မှ “ကိုယ်” သည် မည်သည့်ရင်းမြစ်စကားကို အခြေခံ၍ ဖြစ်လာသနည်းဟု စဉ်းစားဆင်ခြင် အဖြေထုတ်ရန် လိုအပ်ပေလိမ့်မည်။ အမှန်စင်စစ် “ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်” မှ “ကိုယ်သည် မြန်မာစကားအစစ် ကကြီးလုံးကြီးတင် တစ်ချောင်းငင် “ကို”တွင် “ယသတ်(-ယ်) ပေါင်းယှဉ်ပြီး“ကိုယ်”ဟု စာလုံးပေါင်းထားခြင်း၊ ရေးထုံးပြုထားခြင်းမျှသာဖြစ်သည်ဟု ဆိုရပါမည်။ “ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်” မှ “ကိုယ်” ကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် ကျောက်စာများနှင့် ကုန်းဘောင်ခေတ် ကျောက်စာအချို့တွင် ကကြီးလုံးကြီးတင် တစ်ချောင်းငင် ဝသတ် “ကိုဝ်” ဟု စာလုံးပေါင်းလျက် ရေးထိုးခဲ့ကြသည်ကိုလည်း တွေ့နိုင်ကြရပါသည်။

မြန်မာစကားအစစ် “ကို”တွင် အဘယ်ကြောင့် “ယသတ်”(ယ်) ပေါင်းယှဉ်ပါသနည်း။ “ကို” တွင် ယသတ်(ယ်) ပေါင်းယှဉ်၍ ရေးထုံးပြုခဲ့ကြသည်မှာ အကြောင်းမဲ့ မဟုတ်တန်ရာဟု မှတ်ယူရန်ရှိပါသည်။ “ကိုခန္ဓာ၊ ခန္ဓာကို”ဟု မရေးဘဲ “ကိုယ်ခန္ဓာ၊ ခန္ဓာကိုယ်”ဟုရေးသော ရေးထုံးသည် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များ ဉာဏ်အမြော်အမြင်ကြီးစွာ ဖန်တီးခဲ့သော ရေးထုံးဖြစ်သည်ဟု ဆိုချင်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၅ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၉၀ | ၇၉၇,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၆,၇၅၀ | ၁၉,၂၄၅,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၆,၄၀၃ | ၉,၆၀၄,၅၀၀ |
| TMH | ၂,၆၅၀ | ၂,၉၀၀ | ၃၄ | ၉၈,၀၅၀ |
| EFR | ၁,၇၀၀ | ၁,၆၅၀ | ၄၁၉ | ၇၁၁,၉၀၀ |
| AMATA | ၄,၆၀၀ | ၄,၅၀၀ | ၁၁ | ၅၀,၅၀၀ |
| MAEX | ၂,၂၀၀ | ၂,၁၅၀ | ၁၀၄ | ၂၂၇,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ချင်းပြည်သူ့ပါတီ၏ တည်ထောင်ခွင့်လျှောက်ထားချက်ကို ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
၂၀၂၄ ခုနှစ်၊ မေလ ၁၄ ရက်

၁။ နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီ တည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပါသည်။ ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၂ ပါတီကို တည်ထောင်ခွင့်ပြုခဲ့ပြီး ၂ ပါတီကို တည်ထောင်ခွင့် ငြင်းပယ်ခဲ့ပါသည်။

၂။ တည်ထောင်ခွင့်ပြုရန် ကျန်ရှိသည့် **ချင်းပြည်သူ့ပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းပါတီ၏ ပါတီတည်ထောင်ခွင့် လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ(ဂ)ဖြင့် ငြင်းပယ်လိုက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူး ချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တို့အား တွေ့ဆုံ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံနှင့် The Global New Light of Myanmar သတင်းစာတိုက်တို့ရှိ ပုံနှိပ်စက်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့် တွေ့ဆုံသည်။

**စနစ်တကျစိစစ်ရွေးချယ်စေလို**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာတွင် ယနေ့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့တို့အား လာရောက်တွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ် ရာသီတွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် အမျိုးသားစာပေတစ်သက်တာဆု ရွေးချယ်မှုတို့အပေါ် အားနည်းချက် အားသာချက်များအပေါ် သုံးသပ်ပြီး ယခုနှစ်တွင်လည်း ဆုရွေးချယ်ရေးနှင့်ပတ်သက်၍ စနစ်တကျ စိစစ်ရွေးချယ်စေလိုပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ တာဝန်ယူစဉ်ကာလအတွင်း ပထမအကြိမ် စာပေဆုပေးပွဲကို ရန်ကုန်မြို့ မြဝတီစင်တာတွင် လည်းကောင်း၊ ဒုတိယအကြိမ် စာပေဆုပေးပွဲကို နေပြည်တော်တွင် လည်းကောင်း၊ ယခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် စာပေဆုပေးပွဲကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ စာပေပညာရှင်ကြီးများ ရွေးချယ်ဆုံးဖြတ်ထားသည့် ဆုနှင့်ပတ်သက်ပြီး အထူးပြောစရာမလိုပါကြောင်း၊ ဆုရွေးချယ်ရေးနှင့်ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ဆုံးဖြတ်ချက်၊ သုံးသပ်ချက်များ မှန်ကန်စွာဖြင့် ရွေးချယ်စေလိုပါကြောင်း၊ အမျိုးသား စာပေ တစ်သက်တာဆုသည် အင်မတန် မွန်မြတ်သည့်ဆုဖြစ်သည့်အတွက် စဉ်းစားချင့်ချိန်ဆုံးဖြတ်ပြီးမှ ရွေးချယ်စေလိုပါကြောင်း။

**ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်**

အမျိုးသားစာပေ တစ်သက်တာဆုနှင့်ပတ်သက်ပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အခါသည် စာပေနှင့်ပတ်သက်ပြီး အစွန်းအထင်းမခံနိုင်ပါကြောင်း ၊ စာပေသည် နိုင်ငံတော်၏ အသက်ဖြစ်ပါကြောင်း၊ စာတစ်ကြောင်း၊ စာတစ်ပိုဒ်သည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း စာဖတ်ရှိန်မြှင့်တင်ရန် လမ်းညွှန်ချက်ပေးထားပါကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ် လေ့လာဆည်းပူးနေသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရန် အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာပေဆု၊ စာမူဆု ရွေးချယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အမျိုးသား စာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ညွှန့် (တက္ကသိုလ်မြတ်သူ)၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) နှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများက ဆုရွေးချယ်မှုဆိုင်ရာ လုပ်ငန်းများ ပြင်ဆင်ထားရှိမှုများကိုလည်းကောင်း၊ စာအုပ်များ လက်ခံရရှိမှု၊ ဆုရွေးချယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနလက်အောက်ရှိ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ပုံနှိပ်စက်ရုံအတွင်း စက်များတပ်ဆင်ထားရှိမှု၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စက်ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အဆင့် အပ်နှံသော ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများ၊ ဌာနကထုတ်ဝေသော အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ထုတ် စာအုပ်/စာစောင်များ၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးဖတ်စာအုပ်များနှင့် အခြားဝန်ကြီးဌာနများမှ အပ်နှံသော ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ** ယခုနှစ်မှ စတင်ပြီး နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင် ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်စက်များ ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ ပုံနှိပ်စက်များတွင် စနစ်တကျ အပ်နှံဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပုံနှိပ်ထုတ်လုပ်မှု အရည်အသွေးကောင်းမွန်မှုရှိစေရေး၊ အပ်နှံသည့်လုပ်ငန်းများ အမှားအယွင်းမရှိ အရည်အသွေး ကောင်းမွန်မှုရှိစေရန်နှင့် သတ်မှတ်ရက်အချိန်မီ ထောက်ပံ့နိုင်ရေး၊ ကုန်ကြမ်းပစ္စည်းများ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် စေတနာ အပြည့်အဝဖြင့် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ပုံနှိပ်စက်ရုံများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် The Global New Light of Myanmar သတင်းစာတိုက်သို့ ရောက်ရှိပြီး ပုံနှိပ်စက်တပ်ဆင်ထားရှိမှု၊ ကြံ့ခိုင်ရေးဆောင်ရွက်ထားရှိမှု၊ ပုံနှိပ်စက်ဝန်ထမ်းအင်အား၊ သတင်းစာရိုက်နှိပ်မှုအပြင် ပြင်ပပုံနှိပ်လုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ စာပေပညာရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်ပြသမှုများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် အသိပေးကြေညာခြင်း

တေးသီချင်းဗီဒီယိုများကို နည်းလမ်းမျိုးစုံဖြင့် ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ခြင်း မပြုမီ ရုပ်ရှင်ဥပဒေ၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတို့အရ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးကြေညာခဲ့ပြီးဖြစ်သော်လည်း တေးသီချင်းဗီဒီယိုများကို ထုတ်လုပ်သူများက ၎င်းတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြမှုများရှိသည့်အတွက် ဆင်ဆာမူဝါဒများအား ထိခိုက်စေနိုင်ခြင်းမရှိစေရေး မိမိတို့ကိုယ်တိုင်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် စိစစ်ပြီး ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်နိုင်ကြောင်းနှင့် ဆင်ဆာတင်ပြခွင့်ပြုချက်ရယူပြီး ဆောင်ရွက်လိုပါကလည်း အမြန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ထုတ်လုပ်သူများအနေဖြင့် တေးသီချင်းဗီဒီယိုများကို မည်သည့်အချိန်က ရိုက်ကူးခဲ့သည်ဖြစ်စေ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့သို့ တင်ပြပြီး စစ်ဆေးခွင့်ပြုချက် ရယူဆောင်ရွက်နိုင်ပါကြောင်းနှင့် ဆင်ဆာမူဝါဒများနှင့်ညီညွတ်ခြင်းမရှိဘဲ ရိုက်ကူးထုတ်လွှင့်ပြသမှုများ ဆောင်ရွက်ပါက ရိုက်ကူးသူ ဒါရိုက်တာအပါအဝင် သရုပ်ဆောင်များ၊ ထုတ်လွှင့်ပြသသူများ၊ စီစဉ်သူ၊ ဇာတ်ညွှန်းရေးသူ စသည့် ဆက်စပ်ပါဝင်သူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

## ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း ဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီး များ၊ မြန်မာနိုင်ငံစာကြည့်တိုက် များ ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းတို့မှ ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများ၊ အနုပညာရှင် များ၊ လူရည်ချွန် ကျောင်းသား ကျောင်းသူများ၊ ကင်းထောက် လူငယ်များ၊ ကြက်ခြေနီ လူငယ် များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထား သော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံ ပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး “ရှေ့သို့ချီမည် ပန်းတိုင်ဆီ” ဗီဒီယို Clip၊ “နိုင်ငံ့ အကျိုးအတွက် မှန်းမျှော်ရည် ခိုင်မာတိုးတက်စေရမည်” ဗီဒီယို Clip နှင့် ရန်ကုန်တိုင်းဒေသကြီး၏ သုံးနှစ်တာကာလအတွင်း ဆောင် ရွက်ခဲ့သည့် စာကြည့်တိုက်များနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု ဗီဒီယို Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာ စကား ပြောကြားရာတွင် ဧပြီ ၃ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး မိသားစုက လူထုသိပ္ပံကျမ်း အတွဲ (၁)၊ (၂)၊ (၃) စာအုပ်ပေါင်း ၄၅၀၀၊ ပြန်ကြားရေးဝန်ကြီးဌာန က စာအုပ်စာစောင် ၅၅၀၀ စုစုပေါင်း စာအုပ် စာစောင် ၁၀၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်း အနားကို စတင်ကျင်းပခဲ့ပါ ကြောင်း။

**တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့**

ဧပြီ ၁၀ ရက်တွင် မြန်မာနိုင်ငံ တစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူ ငွေနှင့် စာအုပ်စာစောင်များပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို နေပြည်တော်အပါအဝင် တိုင်း ဒေသကြီး/ပြည်နယ်အသီးသီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပဆောင်ရွက်ခဲ့ရာ လှူဒါန်း ငွေကျပ် သိန်းပေါင်းတစ်သောင်း ကျော်နှင့် စာအုပ်စာစောင် ၈၅၄၀ ကို လက်ခံရရှိခဲ့ပါကြောင်း။

အလှူခံရရှိခဲ့သည့် အလှူငွေနှင့် စာအုပ်စာစောင်များကို ခွဲခြမ်း စိတ်ဖြာနိုင်ရန်၊ လှူဒါန်းပွဲများ လစဉ်စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော် ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေး ကိစ္စများကို တစ်ဆက်တည်း လုပ်ဆောင်သွား ရန် လိုအပ်လာသဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံ စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင် ယခင်က ရပ်ကွက် / ကျေးရွာ ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်ပေါင်း ခြောက်ထောင်ကျော် ရှိသော် လည်း လက်ရှိတွင်သုံးထောင်ကျော် သာကျန်ရှိပြီး စာကြည့်တိုက် ၂၅၀၀ ခန့်မှာ အကြောင်းအမျိုးမျိုး ကြောင့် ရပ်နားထားခဲ့ရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုမှ စီမံဆောင်ရွက်ခြင်းမဟုတ် ဘဲ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကတည်းက စီမံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကဏ္ဍပေါင်းစုံဖြစ်သည့် ဆည် မြောင်းတာတမံများ၊ မြစ်ကူး ချောင်းကူးတံတားများ၊ မဟာ ဗျူဟာလမ်းမကြီးများ၊ ဒေသချင်း ဆက်၊ မြို့ချင်းဆက်လမ်းများကို စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံ တော်အကြီးအကဲက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာ တတ်များ၊ လူ့စွမ်းအားအရင်း အမြစ်များ လိုအပ်ပြီး ဖိုးသုညများ နှင့် တိုင်းပြည်ကို တည်ဆောက်၍ မရကြောင်း လမ်းညွှန်မှုပြုခဲ့သည့် အတွက် ၎င်းလမ်းညွှန်မှုကို မူဝါဒ အဖြစ်ခံယူပြီး အထူးဖွံ့ဖြိုးရေးဇုန် ၂၄ ဇုန်သတ်မှတ်၍ အဆိုပါဒေသ များတွင် ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာ၊ ကွန်ပျူတာ၊ စီးပွားရေး၊ စိုက်ပျိုး မွေးမြူရေး၊ ဆေးပညာစသည့် ဘာသာစုံ တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်ကာ တစ်နိုင်ငံလုံးတွင် ရပ်ကွက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်များ ဖွင့်လှစ်နိုင်ရေး စတင် ဆောင်ရွက်ခဲ့ပါကြောင်း။

**ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်**

၂၀၀၄ ခုနှစ်မှစတင်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များဖွံ့ဖြိုးရေး စီမံကိန်းကို နိုင်ငံ တော်စီမံကိန်းအဖြစ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရ အဆက်ဆက် ဆောင်ရွက်ခဲ့သော် လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးခဲ့ပြီး စာဖတ်ရှိန်မြှင့်တင် ရေး လုပ်ငန်းများလည်း လျော့နည်း ခဲ့ပါကြောင်း၊ ယခုအခါ နိုင်ငံတော် အကြီးအကဲက စာကြည့်တိုက်များ ပြန်လည်ထူထောင်ပြီး ဆက်လက် ရပ်တည်နိုင်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများ ဆောင် ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါ ကြောင်း။

ယနေ့ခေတ်တွင် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် စာကြည့်တိုက်များသို့ သွားရောက် ၍ စာအုပ်စာစောင်များကို ဖတ်ရှုမှု နည်းပါးသဖြင့် လူငယ်များ စာဖတ် ရန် လိုအပ်သည့်အတွက် ဖြစ်နိုင် ပါက သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ် များအနေဖြင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ကျောင်း သား ကျောင်းသူများကို စာကြည့် တိုက်များသို့ တစုတစည်းတည်း သွားရောက်လေ့လာနိုင်ရေး စီစဉ် ပို့ဆောင်ပေးရန် လိုပါကြောင်း။

သက်ဆိုင်ရာရုံးများ အနေဖြင့် လည်း ကျောင်းသား ကျောင်းသူများ စာအုပ်စာပေများကို စိတ်ဝင်စား လာစေရန်နှင့် ဖတ်ရှုအသုံးပြုလာ စေရန်အတွက် စာပေဆွေးနွေးပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကား ရည်လုပွဲ၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ များ၊ ဖျော်ဖြေရေး အစီအစဉ်များ၊ လူငယ်များအတွက် စိတ်အား တက်ကြွဖွယ်ရာ ဗီဒီယို Clip များ ဖြင့် ပြသဆောင်ရွက်ပေးပါက စာကြည့်တိုက်များကို အသုံးချ တတ်သည့်အလေ့အထများလည်း ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

မေ ၉ ရက်တွင် နေပြည်တော် ကောင်စီနှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေနေပြည်တော် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများ စာပေဖတ်ရှုလေ့လာ နိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းတမီ ထားရှိပေးနိုင်ရေး စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက် အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ် သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့ပါ ကြောင်း။

**တွန်းအားပေးဆောင်ရွက်**

မိမိတို့နိုင်ငံ၏ စာကြည့်တိုက် များမှာ ပုံမှန်အနေအထားတွင် ရှိသည့်အတွက် တွန်းအားပေး ဆောင်ရွက်ပါက ပိုမိုပြန့်ပွားအောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါ ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေ ဖြင့် မူလတာဝန်အပြင် စာကြည့် တိုက်လုပ်ငန်းများကို အလေးထား ၍ စီမံဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ **စာမျက်နှာ ၅ သို့** ☆



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။




စာကြည့်တိုက်အဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း လက်ခံရယူစဉ်။

**❖ မေ ၉ ရက်တွင် နေပြည်တော်ကောင်စီနှင့် ပူးပေါင်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ကျင်းပခဲ့ပြီး စေတနာရှင်၊ အလှူရှင်များက ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာစောင်များ လက်လှမ်းတမီ ထားရှိပေးနိုင်ရေး စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ် သိန်း ၁၅၀ နှုန်းဖြင့် စာကြည့်တိုက်အဆောက်အအုံ ၁၄၇ လုံးအတွက် ငွေကျပ် သိန်း ၂၂၀၅၀ ကို ပေးအပ်လှူဒါန်းခဲ့**

# စက်ရုံအလုပ်ရုံများရှိ လုပ်သားများ၊ ပြည်သူများ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် ရောဂါမဖြစ်ပွားစေရေး၊ စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၁၄

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့(၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယခုအစည်းအဝေးတွင် Ethylene Oxide နှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရေးအတွက် အဖွဲ့ဝင်များနှင့်ဆွေးနွေး၍ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၄)တွင် Ethylene Oxide ကို တားမြစ်ဓာတုပစ္စည်းအဖြစ်မှ ပယ်ဖျက်ခြင်း အမိန့်ကြော်ငြာစာနှင့် Ethylene Oxide ကို ကန့်သတ်ဓာတုပစ္စည်းအဖြစ်ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်ရန် သဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ တက်ရောက်လာသူများအနေဖြင့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူးက ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဗဟိုဦးစီးအဖွဲ့မှ ဆုံးဖြတ်ရမည့်အမှာစာများကို ရှင်းလင်းတင်ပြပြီး ဗဟိုဦးစီးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက စက်ရုံအလုပ်ရုံများရှိ လုပ်သားများ၊ ပြည်သူများ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကြောင့် ရောဂါမဖြစ်ပွားစေရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့အတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထုတ်ပြန်၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်ရှိ လုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်ငွေ့တိုင်းတာသည့် စက်ပစ္စည်းများ တပ်ဆင်ထားရှိရမည့်အပြင် လုပ်သားများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများကို ပြည့်စုံစွာဝတ်ဆင်ရမည်ဖြစ်ကြောင်း၊ Ethylene Oxide အသုံးပြုခြင်းသည် ကင်ဆာကဲ့သို့သော ရောဂါများဖြစ်ပွားစေသဖြင့် အသုံးပြုရမည့်ပမာဏ၊ သုံးစွဲရမည့်နည်းလမ်း၊ အသုံးပြုရမည့်နေရာ စသည်တို့ကို တိတိကျကျသတ်မှတ်၍ လိုင်စင်များထုတ်ပေးခြင်းကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဗဟိုဦးစီးအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများက Ethylene Oxide နှင့်ပတ်သက်သည့် အကြံပြုချက်များ၊ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများတွင် Ethylene Oxide ဓာတ်ငွေ့အသုံးပြုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာများ ရေးဆွဲထားရမည့် အခြေအနေများ၊ လုပ်ငန်းခွင်တွင် လုပ်သားများ ကျန်းမာစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေများ၊ Ethylene Oxide ကို အသုံးပြုမည့်နည်းစဉ်၊ ပမာဏ၊ လုပ်ငန်းတို့ကို တိတိကျကျသတ်မှတ်၍ ကြပ်မတ်ဆောင်ရွက်ရမည့် အခြေအနေများ၊ ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သိုလှောင်ခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့နှင့်ပတ်သက်၍ သုံးစွဲသူအများပြည်သူများ လွယ်ကူစွာသိရှိနားလည်နိုင်စေရန် စီမံဆောင်ရွက်ရမည့်အခြေအနေများကို ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ Ethylene Oxide ကို တားမြစ်ဓာတုပစ္စည်းစာရင်းမှ ကန့်သတ်ဓာတုပစ္စည်းစာရင်းအဖြစ် ပြောင်းလဲသတ်မှတ်ရေးကိစ္စရပ်များ၊ Ethylene Oxide အသုံးပြုရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးတင်ပြကြပြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ **စာမျက်နှာ ၄ မှ**

စာကြည့်တိုက် ခြောက်တိုက် ပြန်လည်ပြင်ဆင် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၃၀၀ နှင့် စာကြည့်တိုက် ငါးတိုက် အသစ်တည်ဆောက် ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ် သိန်း ၇၅၀ စုစုပေါင်းငွေကျပ် သိန်း ၁၀၅၀ ကို ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းတို့က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ တည်ဆောက်နိုင်ရန်နှင့် စာဖတ်ရှိန် မြှင့်တင်ရေးအတွက် အလှူရှင်များက ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာ ကြီးကြပ်ရေးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

ဆက်လက်၍ အကယ်ဒမီများရှင် ရန်အောင်က "လူချွန်လူကောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က စာပေလေ့လာဖတ်ရှုမှု အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် စာပေလေ့လာဖတ်ရှုမှုအကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည့် အမျိုးသားစာပေတစ်သက်တာဆုရှင် အလင်္ကာကျော်စွာ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) အား ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဦးဌေးအောင်က ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

---

# လပွတ္တာမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

လပွတ္တာ မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ လယ်မြေများတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အောက်ချောင်းကျေးရွာရှိ တောင်သူဦးထွန်းလင်း၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးအောင်က ပိုက်ဆံလျှော်ထည့်သွင်းစိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများနှင့် စိုက်ခင်းစနစ် ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လယ်မြေ ၁၉၇ ဧကအတွက် တောင်သူ ၁၉၇ ဦးတို့အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပိုက်ဆံလျှော်မျိုးစေ့များ အခမဲ့ပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်မျိုးစေ့)များကို အဆိုပါ လယ်မြေ ၃၅ ဧကတွင် စုပေါင်းကြဲပက်စိုက်ပျိုးပေးကြသည်။

လပွတ္တာမြို့နယ်၏ ၂၀၂၄-၂၀၂၅ မိုးစပါးစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ရေတော်မိုးတော်ဧက ၉၁၀၈၀ အား သစ်စိမ်းမြေဩဇာထည့်သွင်း၍ စိုက်ပျိုးသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူ**



---

❖ **ရှေ့ဖုံးမှ**

အများပြည်သူအနေဖြင့် တိုင်ကြားနိုင်မည်ဖြစ်သောကြောင့် YRTC Call Center ၏ ဖုန်းနံပါတ်များဖြစ်သော ၀၉-၄၄၈၁၄၇၁၄၉၊ ၀၉-၄၄၈၁၄၇၁၅၃ နှင့် ၀၉-၄၄၈၁၄၇၁၅၄ တို့ထံ တိုင်ကြားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**စည်းကမ်းဖောက်ဖျက်မှု ၁၈၄၂၄ မှုရှိ**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ သကြင်္န်ကာလမတိုင်မီ မတ် ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)၊ စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာနမှ ထုတ်ပြန်ထားသော YBS ကုမ္ပဏီယာဉ်လိုင်းများ၏စည်းကမ်းဖောက်ဖျက်မှုစာရင်းအရ ၁၈၄၂၄ မှုရှိခဲ့ရာ အဆိုပါစည်းကမ်းဖောက်ဖျက်မှုစာရင်းများအတွင်း မှတ်သားဖမ်းဆီးမှု ၁၆၆၀၂ မှုရှိခဲ့ပြီး Complaint Center မှ Viber သို့တိုင်ကြားမှု နှစ်မှုရှိခဲ့ကြောင်း၊ ထို့အတွက်ကြောင့် YRTC အနေဖြင့် စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအတွက် ယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲကို ပုံမှန်လစဉ်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်ရက်လျှင် YBS ယာဉ်လိုင်း ၁၁၃ လိုင်း၊ ယာဉ်စီးရေ ၃၈၀၀ ခန့်ဖြင့် ပြေးဆွဲပေးလျက်ရှိရာ တစ်ရက်လျှင် လိုက်ပါစီးနင်းကြသည့် ခရီးသည်ဦးရေ ၁၆ သိန်းဝန်းကျင် အထိရှိလာပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ သိရသည်။

**ပွင့်သစ္စာ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ



ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းသားများအား အားပေးစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၄**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများတွင် သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

အဆိုပါ သင်တန်းဖွင့်ပွဲများတွင် သက်ဆိုင်ရာ သင်တန်းကျောင်းအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဖွင့်ပွဲများသို့ တက်ရောက်အားပေးချီးမြှင့်ကြကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲများ အပြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သင်တန်းအမှတ်စဉ်(၂)တွင် တက်ရောက်ကြမည့် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)မှ သင်တန်းသားများအနေဖြင့် နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံ့တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်ပြီး ထိုသို့ တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသားများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“နိုင်ငံသားတစ်ယောက်အနေနဲ့ ပြည်သူ့ စစ်မှုထမ်းဥပဒေက မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုမျိုး ဥပဒေချမှတ်တယ်ဆိုတာကလည်း နိုင်ငံတော်အကျိုးပြုရေးအတွက်၊ ပြည်သူပြည်သား အားလုံး ကောင်းစားရေးအတွက် လုပ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဥပဒေဟာဆိုရင်လည်း အရင်ကတည်းက ရေးဆွဲထားတာဖြစ်ပြီး ဒီဥပဒေက အခုမှအသက်သွင်းတာဖြစ်ပါတယ်။ သင်တန်းဆင်းသွားရင်လည်း ပေးအပ်တဲ့ တာဝန်ကိုအပြည့်အဝထမ်းဆောင်ပြီး ပြည်သူပြည်သားအားလုံး လုံခြုံမှုရှိစေဖို့ ကျွန်တော်တို့ တာဝန်ယူပါမယ်လို့ သစ္စာဆိုထားပါတယ်”

“ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၂)ကို တက်ရောက်ဖြစ်တာကတော့ ကျွန်တော့် စိတ်သဘောဆန္ဒအရ တက်ရောက်ဖြစ်တာပါ။ စစ်ပညာတွေကိုလည်း သင်ယူချင်လို့ပါ။ အမှတ်စဉ်(၁)က သူငယ်ချင်းတွေကိုလည်း အားကျလို့ လာတက်တာပါ။ နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာကဏ္ဍကနေ အကောင်းဆုံး ကြိုးစားသွားမှာပါ။”

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းစားရိပ်သာတွင် သင်တန်းသားများ နံနက်စာသုံးဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။







ရှမ်းပြည်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းတွင်ဖွင့်လှစ်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းစားရိပ်သာတွင် သင်တန်းသားများအား တွေ့ရစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# နိုင်ငံတစ်ဝန်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲများ ကျင်းပသည့် ဓာတ်ပုံမြင်ကွင်း



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းသားများ စားသောက်ရေးအတွက် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းသားများ စားသောက်ရေးအတွက် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

# ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်



နေပြည်တော် မေ ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိအစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးများနှင့် အွန်လိုင်းဖြင့် တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မေ ၂၃ ရက်မှစ၍ ကျောင်းအပ်နှံရေးသီတင်းပတ် စတင်မည်ဖြစ်ရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ၊ မိဘပြည်သူများအားလုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဇွန် ၃ ရက်တွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ကျောင်းများအားလုံး တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်စေရေး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းမဖွင့်မီ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

သင်ခန်းစာများ ကောင်းမွန်နိုင်နင်းစွာ ပို့ချနိုင်ရေးအတွက် ပို့ချမည့်အစီအစဉ်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုပါကြောင်း၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရန် တစ်နိုင်ငံလုံးရှိအခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် ဆရာအတတ်ပညာကျောင်းများ စတင်ဖွင့်လှစ်သည့် ဇွန်လတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်အားကစား စသည့် အားကစားနည်းပြိုင်ပွဲများကို ကျင်းပကြရမည်ဖြစ်ပြီး ဇူလိုင်လတွင် ဗဟိုအဆင့်ပြိုင်ပွဲများကို နေပြည်တော်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများ၌ ကျောင်းစာကြည့်တိုက်တွင် စာဖတ်ရန်အတွက် စာကြည့်တိုက်အချိန် ထည့်သွင်းထားပြီးဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်စေရေး၊ ယဉ်ကျေးလိမ္မာ၍ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသူများ ဖြစ်စေရေးအတွက် ပြုစုပျိုးထောင်သင်ကြားပေးကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိပညာရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်
## "အသိပေးကြေညာချက်"

☆ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။
☆ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1)သို့ အပ်နှံရန်။

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ **<u>အခမဲ့ထောက်ပံ့မှုများမှာ</u>**

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း
၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း
၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း(Grade 1)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး
၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင်
၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း(Grdae 2)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး
၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင်
၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း(Grade 3)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး
၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင်
၈။ ခဲတံ(၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း(Grade 4)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး
၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ
၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ)
၁၁။ ဗလာစာအုပ်(၁)ဒါဇင် ၁၂။ ခဲတံ(၄)ချောင်း
၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(စ) ပဉ္စမတန်း(Grade 5)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး
၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ
၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ)
၁၁။ ဗလာစာအုပ်(၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း
၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း(Grade 6)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင်
၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ)
၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဇ) သတ္တမတန်း(Grade 7)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင်
၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ)
၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဈ) အဋ္ဌမတန်း(Grade 8)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင်
၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ)
၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ည) နဝမတန်း(Grade 9)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင်
၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ)
၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ်(၁)ဒါဇင် ၁၃။ ဘောပင်(၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဋ) ဒသမတန်း(Grade 10)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ
၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒ လက်တွေ့
၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း
၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ) ဘာသာတွဲ
၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ (သို့မဟုတ်)အနုပညာ (ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင်
၂၀။ ဘောပင်(၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဌ) ဧကာဒသမတန်း(Grade 11)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ
၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့
၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း
၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း) (ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ
၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ (သို့မဟုတ်)အနုပညာ(ပန်းချီ) (သို့မဟုတ်)အနုပညာ (ဂီတ) ၁၉။ ဗလာစာအုပ်(၁)ဒါဇင်
၂၀။ ဘောပင်(၂)ချောင်း ၂၁။ ခဲတံ(၂)ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ
၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့
၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း
၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ (ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ (ပထဝီဝင်+ သမိုင်း) (ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ
၁၆။ ဗလာစာအုပ်(၁)ဒါဇင် ၁၇။ ဘောပင်(၂)ချောင်း
၁၈။ ခဲတံ(၂)ချောင်း

# သုတေသနနှင့် နည်းပညာများကို တောင်သူများ လက်တွေ့အကျိုးရှိစွာအသုံးချနိုင်ရေး လုပ်ဆောင်ပေး

**နေပြည်တော် မေ ၁၄**

သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင် သုတေသီများ၊ တိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးများ၊ အထူးဖိတ်ကြားထားသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက လယ်ယာထုတ်ကုန်များ အပြည့်အဝထုတ်လုပ်နိုင်စေရန်၊ ထုတ်လုပ်သည့် သီးနှံများ အရည်အသွေးပြည့်ဝကောင်းမွန်စေရန်၊ စိုက်ပျိုးသူတောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရန် မိမိတို့စိုက်ပျိုးရေးပညာရှင်များတွင် အဓိကတာဝန်ရှိနေကြောင်း၊ ဖော်ထုတ်တွေ့ရှိထားကြသည့် သုတေသနနှင့် နည်းပညာများကို တောင်သူများ လက်တွေ့အကျိုးရှိစွာအသုံးချနိုင်ရေးကို ထိထိမိမိ လုပ်ဆောင်ပေးနိုင်မှသာ အချိန်နှင့်ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများ ကြိုးကြိုးစားစား အားထုတ်ရကျိုးနပ်မည်ဖြစ်၍ နည်းပညာပြန့်ပွားရေးလုပ်ငန်းဆောင်ရွက်သည့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့ ဆက်နွှယ်ပေါင်းစပ်ပြီး ပိုမိုတိုးတက်အောင် လုပ်ဆောင်ကြစေလိုကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့်ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲပြီး တောင်သူလယ်သမားများအတွက် သီးနှံမျိုးသစ်များ မွေးမြူထုတ်လုပ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပွားများပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများဖော်ထုတ်ပေးခြင်း၊ စိုက်ပျိုးသူတောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲ၊ ပြဿနာများ ဖြေရှင်းပေးခြင်း အစရှိသည့်သုတေသနလုပ်ငန်းတာဝန်များကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အလားတူ သီးနှံနှင့်စိုက်ပျိုးမြေကိုက်ညီမှုရှိစေရေး၊ စိုက်ပျိုးမြေများတွင် ပါဝင်နေသည့် မြေဆီဩဇာနှင့် ထည့်သွင်းပေးရမည့် မြေဆီအာဟာရ မှန်ကန်စေရေး၊ သွင်းအားစုစရိတ်လျှော့ချနိုင်ရေးနှင့် မြေဆီလွှာကျန်းမာရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ မျှတစွာအသုံးပြုနိုင်ရေး၊ သီးနှံအလိုက် မြေပြင်ထွန်ယက်ခြင်းနှင့် စိုက်ပျိုးရေ စီမံခန့်ခွဲမှုနည်းပညာစသည့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးနှင့် ပန်းတိုင်အထွက် ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းပညာ အဓိကအချက်လေးချက် ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဆွေးနွေးပြောကြား**

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းလျက်ရှိရာတွင် တောင်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် စိုက်ပျိုးပညာပေးရေး ဝန်ထမ်းများအနေဖြင့် တောင်သူလယ်သမားများ၏ အခက်အခဲနှင့်စိန်ခေါ်မှုများ၊ အခွင့်အလမ်းများ၊ အခြေခံလိုအပ်ချက်များကို ပိုမိုသိရှိနားလည်နိုင်အောင် ဆောင်ရွက်ရန်နှင့် ၎င်းတို့အတွက် ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကို စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများထံ ရောက်ရှိအောင် ပို့ဆောင်အဖြေရှာနိုင်ရေး တစ်ပါတည်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း သုတေသနတွေ့ရှိချက်များကို တောင်သူများထံ ရောက်ရှိစေရန် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနိုင်မှု၊ ၁၀ နှစ်တာကာလအတွင်း သုတေသနရန်ပုံငွေရရှိမှု၊ သုတေသနအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြသည်။

ဆက်လက်၍ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များက သုတေသနဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးမှာကြားကြသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန အနေဖြင့် သုတေသနဌာနခွဲကိုးခု၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဒေသသုတေသန ဗဟိုဌာနခြောက်ခု၊ သီးနှံသုတေသနဗဟိုဌာနလေးခု၊ သုတေသနဌာနစု ၃၃ ခု၊ သုတေသနခြံ ၁၈ ခုနှင့် သုတေသနစခန်း သုံးခုတို့ဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သုတေသနစီမံကိန်း ၈၀၂ ခုဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သုတေသနစီမံကိန်း ၇၀၇ ခု လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပဲခူးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ခရိုင်ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ထန်းတပင်နှင့် ဒိုက်ဦးမြို့နယ်ဦးစီးမှူးများ၊ စာကြည့်တိုက်သင်တန်းတက်ရောက်နေသည့်မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပဲခူးမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

မွန်းလွဲပိုင်းတွင် တောင်ငူမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာန စာကြည့်တိုက်နှင့် ရုံးစာရေးသားနည်း အခြေခံသင်တန်းတက်ရောက်နေသော မြို့နယ်များမှ ဒုတိယဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရေတာရှည်နှင့် အုတ်တွင်းမြို့နယ်တို့မှ ဦးစီးမှူးများအား တွေ့ဆုံမှာကြားသည်။



ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက ကျေးရွာများတွင် စာကြည့်တိုက်များဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းအပ်နှံရေး၊ ဝန်ထမ်းများ အရည်အချင်းပြည့်ဝရေးအတွက် လေ့လာဆည်းပူးပြီး လုပ်ငန်းကျွမ်းကျင်မှုရှိရေး၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်ခြောက်ချက်နှင့်အညီ ဝန်ထမ်းကောင်းပီသစွာဖြင့် တာဝန်ကျေပွန်ရေး၊ စက်ပစ္စည်းကိရိယာများ ရေရှည်သုံးစွဲနိုင်အောင် ထိန်းသိမ်းကိုင်တွယ်ရေး၊ မီးဘေးလုံခြုံရေးဂရုပြုရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးမည့် ဒေသခံတောင်သူများအား ကော်ဖီပျိုးပင်များ အခမဲ့ပေးအပ်



**ထားဝယ် မေ ၁၄**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ စိုက်ပျိုးမွေးမြူရေးတွဲဖက် အထက်တန်းကျောင်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကော်ဖီပျိုးပင်များ ပျိုးထောင်ထားလျက်ရှိရာ မေ ၁၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်၊ ကော်ဖီလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ကော်ဖီပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထားဝယ်ခရိုင်အတွင်း ကော်ဖီစိုက်ပျိုးမည့် ဒေသခံတောင်သူများထံ ကော်ဖီပျိုးပင်များ အခမဲ့ပေးအပ်ခဲ့သည်။

တနင်္သာရီတိုင်း ဒေသကြီးအတွင်း ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ကာ မြန်မာ့ကော်ဖီကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက် ဧက ၂၆၇၄ ဧက တိုးချဲ့စိုက်ပျိုးရန် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ကော်ဖီပျိုးပင် ၈၀၀၀၀၀ ပျိုးထောင်စိုက်ပျိုးကာ လာမည့်မိုးရာသီအမီ ကော်ဖီစိုက်ပျိုးမည့် ဒေသခံတောင်သူများထံသို့ အခမဲ့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၁၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် မေ ၁၄

၂၀၂၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ ကျင်းပသည်။




အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဇင်မင်းထက်နှင့် ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရစာပေပညာရှင်များနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထုအတွင်း အားကစားလှုပ်ရှားဆောင်ရွက်မှုများ နေ့စဉ်ဆောင်ရွက်ရန်လိုအပ်ပုံကို ပြည်သူတစ်ရပ်လုံး သိရှိလာစေပြီး အားကစားကို စိတ်ပါဝင်စားလာစေရန် အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ ဆွဲဆောင်စည်းရုံးခြင်း၊ အကြံပြုတင်ပြပေးခြင်း၊ စိတ်ဓာတ်မြှင့်တင်ပေးခြင်းများကို ကလောင်စွမ်းများဖြင့် စွမ်းဆောင်ရေးသားပေးခဲ့သည့် ဆုရစာပေပညာရှင်များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ယခုထက် ပိုမိုအကြံပြုစွမ်းဆောင် ရေးသားပေးသွားရန် တိုက်တွန်းပြောကြားပြီး မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏက ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဆုများ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝတ္ထုတိုပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဒေါ်ခင်မာသန်း (ထွေးမ-ဟသ်ာတ)က ဆုရရှိသူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

သထုံ မေ ၁၄

မွန်ပြည်နယ် သထုံမြို့နယ်တွင် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မော်လမြိုင်-သထုံခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တောများနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ သထုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းအောင်က သစ်တောများနှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများ၊ တောအုပ်ကြီး ဦးစောရန်နိုင်က သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အကြောင်းအရာများနှင့် သထုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မိုးနိုင်က ပလတ်စတစ်ညစ်ညမ်းမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများက သထုံမြို့နယ် မြေနီကုန်းကျေးရွာရှိ သစ်တောဦးစီးဌာန (အမြဲတမ်း)ပျိုးဥယျာဉ်သို့ သွားရောက်လေ့လာကြရာ ဦးစီးအရာရှိ ဦးစိုးမင်းအောင်က ၂၀၂၄ ခုနှစ် မိုးရာသီတွင် သထုံမြို့နယ်အတွင်း ဖြန့်ဝေစိုက်ပျိုးမည့် လူထုဖြန့်ပျိုးပင်များနှင့် အထူးပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ သစ်ပင်စိုက်ပျိုးခြင်း နည်းစနစ်များ၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



# မြောင်းမြမြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်ပွဲကျင်းပ

မြောင်းမြ မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သည့် သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဦးမန်းစောဘု(မိဘမဲ့ဂေဟာ)၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားတွင် မြောင်းမြခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစန်းဝင်းက သင်တန်းဆိုင်ရာ ဗဟုသုတများ ပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသူ ၃၀ ဖြင့် မေ ၁၄ ရက်မှ ၁၇ ရက်အထိ လေးရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ဝင်းမော်နှင့် ဝန်ထမ်းများက စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေဝေမြင့်(မြောင်းမြ)**

# ကျွန်းစုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

ကျွန်းစု မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ပန်းခင်းစီမံချက်(၃)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက သဲချောင်းကျေးရွာနှင့် စခန်းသစ်ကျေးရွာတို့တွင် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း၊ Biometric အချက်အလက်များ ကောက်ယူခြင်းနှင့် UID နံပါတ်ပါကတ်ပြားများ ထုတ်ပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းစုမြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် နိုင်(၃)ကနှင့် အသက် ၁၈ နှစ်ပြည့် နိုင်(၆)က နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Biometric အချက်အလက်များ ကောက်ယူခြင်းနှင့်UIDထုတ်ပေးခြင်းကိုတစ်ပါတည်း ဆောင်ရွက်ပေးရာ မေ ၁၃ ရက်အထိ QR Code ပါသည့် ဂဏန်း ၁၀ လုံးပါသော UID နံပါတ်ပါသည့်ကတ် ပြန်လည်ထုတ်ပေးပြီးသူ ၂၂၄၈၅ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ထက်မြင့် (ကျွန်းစု)**



# တိုက်ကြီးမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်



တိုက်ကြီး မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူးရုံးတွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှစတင်၍ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေ့ချင်းပြီးထုတ်ပေး**

ဇီဝဆိုင်ရာအချက်အလက် ကောက်ယူပြီးသူများ၏ Biographic Data နှင့် Biometric Data များကို Database တွင် သိမ်းဆည်းကာ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်ပါ ကတ်ပြားများကို နေ့ချင်းပြီးထုတ်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မင်းထွေးက အနီးကပ်ကြီးကြပ်၍ လုပ်ငန်းအဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် မေ ၁၄

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရေကြောင်းလူငယ်မှ သင်တန်းသားများ သန်လျင်တပ်နယ်နှင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးခရီး သွားရောက် လေကြောင်းလူငယ် သင်တန်းသားများ လေယာဉ်/ရဟတ်ယာဉ်များ လိုက်ပါပျံသန်း၊ ပြိုင်ပွဲများ ကျင်းပ




နေပြည်တော် မေ ၁၄

တပ်မတော်(ရေ)က ၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ သင်တန်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသူများလိုက်ပါ၍ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်သို့ ရောက်ရှိကြရာ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆို၍ သီရိမဟာဇေယျ ကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) Documentary ကို ပြသပြီး ရေကြောင်းပြခန်းနှင့် ဥတ္တရဆောင်ရှိ စာသင်ခန်းတို့ကို လေ့လာခြင်း၊ Torpedo Trainer နှင့် ရေတပ်အမြောက်များ လေ့လာခြင်း၊ Welding Simulator၊ Electrical Trainer နှင့် Cutaway Model များကို လေ့လာခြင်း၊ Damage Control Simulator–Zarmani ကို လေ့လာခြင်း၊ Ship Handling Simulator နှင့် Engine Room Simulator များကို လေ့လာခြင်းနှင့် သမိုင်းဝင်စစ်ရေယာဉ်(မေယု)တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် သင်တန်းသား သင်တန်းသူများသည် ရေတပ်သင်္ဘောကျင်း ဌာနချုပ်သို့ရောက်ရှိကြပြီး စိတ်ခတ်မြှင့်တင်ရေးခန်းမ၊ ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၏ ပြုပြင်ရေးဆောင်ရွက်နေမှုများ၊ Ship Lift System ဖြင့် ရေယာဉ်များ လွန်းတင်လွန်းချသည့် စနစ်များနှင့် စက်ရုံ၊ အလုပ်ရုံများရှိ တွင်ခုံ၊ ဖောက်ခုံ၊ ရေဘော်ခုံများသို့ လှည့်လည် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် သင်တန်းသား သင်တန်းသူများသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်(မုတ္တမ) ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေး သွားရောက်ကြသည်။ လေ့လာရေးခရီးစဉ်တွင် သင်တန်းသား သင်တန်းသူများသည် စစ်ရေယာဉ်၏ ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်နှင့် လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ်များ၊ ရေကြောင်းသွားလာရေးဆိုင်ရာအထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ၊ ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာ လေ့လာကြပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အလားတူ တပ်မတော်(လေ)က ၂၀၂၄ အခြေခံ လေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် သင်တန်းစခန်း ရှစ်ခုမှ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများသည် Grob–120 TP လေယာဉ်နှင့် H–120 ရဟတ်ယာဉ်များအား လေယာဉ်မောင်းသင်ကျောင်းမှ နည်းပြလေသူရဲများနှင့်အတူ လက်တွေ့လိုက်ပါ ပျံသန်းခြင်းကို ဆောင်ရွက်ကြသည်။

**အားပေးကြည့်ရှု**

မွန်းလွဲပိုင်းတွင် အဆိုပါသင်တန်းစခန်း ရှစ်ခုမှ သင်တန်းသား သင်တန်းသူများသည် RC လေယာဉ်/ရဟတ်ယာဉ်မောင်းပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး သင်တန်းသားများ၊ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

အလားတူ ကျန်သင်တန်းစခန်း ကိုးခုမှ သင်တန်းသား သင်တန်းသူ၊ နည်းပြ/ အုပ်ချုပ်သူများသည် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် မြေပြင်အတတ်သင်လေတပ်စခန်း ဌာနချုပ်ရှိ စက်မှုလက်မှုအတတ်သင်ကျောင်းတို့ကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းနှင့် Aeromedical Centre တို့ကိုလည်းကောင်း လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သထုံခရိုင် ပြည်သူ့စာကြည့်တိုက်၌ အခြေခံအင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်

သထုံ မေ ၁၄

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေး အခြေခံ အင်္ဂလိပ်စာသင်တန်းဖွင့်ပွဲကို ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အမှာစကားပြောကြားပြီး သင်တန်းပို့ချမည့် အငြိမ်းစားကျောင်းဆရာကြီး ဦးအောင်ဆန်းက နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် သင်တန်းဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်ကြပြီး အင်္ဂလိပ်စာအခြေခံအသုံးအနှုန်းများ၊ အဓိပ္ပာယ်များ၊ အခြေခံ အင်္ဂလိပ်စကားပြောခြင်းနှင့် ကလေးကဗျာများကို ရက်သတ္တပတ်ကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် ဌာနဆိုင်ရာရုံးများ၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင် ငှားရမ်းပေးခြင်းများ ဆောင်ရွက်

ကျိုက်ထို မေ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဝန်ထမ်းများနှင့် ပြည်သူများ စာအုပ်စာစောင်များကို အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ပြီး အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် သမဝါယမဦးစီးဌာန၌ မိုဘိုင်းစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို ဆောင်ရွက်ကြသည်။

မိုဘိုင်းစာကြည့်တိုက်ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များသို့ သွားရောက်၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ ရပ်ကွက်များရှိပြည်သူများအား သုတ/ရသ စာအုပ်စာစောင်များကို ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များ သိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်ထို(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ကော့သောင်း မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းများကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်ရှိ သီတာရေလုပ်ငန်းကုမ္ပဏီ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဦးစီးမှူးဦးကိုကိုနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးမြတ်ဇော်မင်းတို့၏ဦးဆောင်ကြီးကြပ်မှုဖြင့် သီတာရေလုပ်ငန်းကုမ္ပဏီတွင် နေထိုင်လုပ်ကိုင်နေကြသည့် ပြည်သူများ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများအကြောင်းကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ဗိုလ်တထောင်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

ရန်ကုန် မေ ၁၄

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဗိုလ်တထောင်မြို့နယ်ဦးစီးမှူးရုံးက ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

ဇီဝဆိုင်ရာအချက်အလက် ကောက်ယူဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗိုလ်တထောင်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်မှူး ဒေါ်တင်မိုးမိုးအေး၊ ဗိုလ်တထောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးအောင်မိုးကျော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗိုလ်တထောင်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး(ယာယီ) ဦးမျိုးဝင်းရှိန်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၀ နှစ် မှ ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသူ အမျိုးသား ၃၅ ဦးနှင့် အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၈၈ ဦးအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကလေးမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လိုက်လံကြည့်ရှုစစ်ဆေး

မုံရွာ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ကလေး)ဒေသကွပ်ကဲရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၄ ရက် နံနက်ပိုင်းက ကလေးမြို့ရှိ သူနာပြုသားဖွားသင်တန်းကျောင်းခန်းမ၌ ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများ၊ နည်းပြဆရာ ဆရာမများနှင့် တွေ့ဆုံသည်။



**အမှာစကားပြောကြား**

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဝင်းမင်းလတ်က ကလေးတက္ကသိုလ်၏ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ထံ ထောက်ပံ့ငွေများပေးအပ်ပြီး အဆိုပါကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ထမင်းစားဆောင်များနှင့် ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီး၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေဖြင့် အဆိုပါဆေးရုံကြီးအတွင်းရှိ အလျားပေ ၁၀၀၊ အနံပေ ၅၀၊ အနက် ရှစ်ပေရှိ ရေကန်ပြန်လည်တူးဖော်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကလေးမြို့ အောင်မေတ္တာရပ်ကွက် ရတနာသီရိကျောင်းတိုက် ဖောင်တော်ဦးဓမ္မဗိမာန်တော်ကြီးရှိ စာသင်ဝိုင်းသို့ရောက်ရှိရာ စာသင်ဝိုင်းတစ်ဝိုင်းတွင် ကြီးကြပ် တစ်ဦး၊ နည်းပြ တစ်ဦးနှင့် စာသင်သား စာသင်သူ ၅၀ တို့ဖြင့် စာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စာသင်သားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ မြစ်သာမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

လှိုင်သာယာ မေ ၁၄

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက မေ ၁၂ ရက် နံနက် ၉ နာရီက ညောင်ကျေးရွာအုပ်စု ၅၅၅ သဲကွင်း၌ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများကို e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါ ညောင်ကျေးရွာအုပ်စု ၅၅၅ သဲကွင်းတွင်ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် အိမ်ထောင်စု ၄၁ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ကျား ၈၄ ဦးနှင့် မ ၈၄ ဦး စုစုပေါင်း ၁၆၈ ဦးတို့အား စိစစ်ထုတ်ပေးပြီး နိုင်ငံသားကတ် ရရှိသူများအား e-ID စနစ်ဖြင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်များကို ဒုတိယလဝကမှူး ဦးသန်းထိုက်၊ ဦးရဲဝင်းလှိုင်နှင့် ဝန်ထမ်းများက ဆက်လက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်( ပြန်/ဆက်)



# တနင်္သာရီမြို့၌ ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာများ စိုက်ထူ

တနင်္သာရီ မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရန်နှင့် အခြေခံပညာ သင်ယူခွင့်ရရှိစေရန်အတွက် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများကို မိဘပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် ယမန်နေ့နံနက် ၉ နာရီမှစတင်၍ လူသွားလူလာများသည့် လမ်းဆုံနေရာ သုံးနေရာတွင် စိုက်ထူခြင်းအခမ်းအနား ပြုလုပ်သည်။

အခမ်းအနားသို့ တနင်္သာရီမြို့နယ် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကြီး မျိုးမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၊ အဖွဲ့ဝင် ဦးကျော်ကျော်ခေါင်နှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

တနင်္သာရီမြို့နယ်တွင် အထက်တန်းကျောင်း ရှစ်ကျောင်း၊ အထက်တန်းကျောင်း(ခွဲ)ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၁၄ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆ ကျောင်း၊ မူလတန်းကျောင်း ၇၆ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၁၂ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တစ်ကျောင်း စုစုပေါင်း ၁၄၁ ကျောင်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

သံဖြူဇရပ် မေ ၁၄

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် (၃) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရွှေ့ပြောင်းနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

**ပေးအပ်**

အဆိုပါပေးအပ်ပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဌေးခိုင်နှင့် ဝန်ထမ်းများက အောင်သာယာရပ်ကွက်ရှိ ရွှေ့ပြောင်းနေထိုင်သူများအား M တံဆိပ်ပါ အိမ်ထောင်စုလူဦးရေစာရင်း ၄၂ စု၊ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၉၂ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၄၇ ဦး စုစုပေါင်း ၁၃၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူလက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး နိုင်ငံသားတစ်ဦး၏ ကိုယ်ရေးအချက်အလက်စာရင်း ကောက်ယူခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ပိုက်ဆံလျှော်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်



ကော့သောင်း မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ချောင်းဝကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံပွဲကို (၇)မိုင်ကျေးရွာ ဂေါက်ကွင်းအရှေ့လယ်စိုက်ခင်းတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းဆွေဦးက အခမ်းအနားပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တောင်သူများက စိုက်ပျိုးရေးဆိုင်ရာ သိရှိလိုသည်များနှင့်အခက်အခဲများကို တင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း၍ အကြံပြုဆွေးနွေးကြသည်။

**လိုက်လံကြည့်ရှု**

ယင်းနောက် တောင်သူဦးထင်ကျော်၏လယ်တွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းနှင့် ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဆက်လက်ဆောင်ရွက်ရာ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သြစတြေးလျတောင်ပိုင်း၌ အသက် ၁၄ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာအသုံးပြုခြင်းမှ တားမြစ်သွားမည်

**ကင်ဘာရာ မေ ၁၄**

သြစတြေးလျတောင်ပိုင်း၌ အသက် ၁၄ နှစ်အောက်ကလေးများကို ဆိုရှယ်မီဒီယာအသုံးပြုခြင်းမှ တားမြစ်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ပီတာ မာလီနာကာစ်က ယမန်နေ့တွင် ပြောကြားသည်။



သြစတြေးလျနိုင်ငံ၏ ပထမဆုံးသော ဆိုရှယ်မီဒီယာအသုံးပြုမှုဆိုင်ရာ အသက်အရွယ် ကန့်သတ်ပိတ်ပင်မှုကို အကောင်အထည်ဖော်သည့် ဥပဒေဆိုင်ရာ လက်တွေ့လုပ်ဆောင်မှုများကို လက်တွေ့ကျကျစစ်ဆေးရန် သြစတြေးလျတရားရုံးချုပ် တရားသူကြီးချုပ်ဟောင်း ရောဘတ်ဖရန့်ရှ်ကို တာဝန်ပေးခန့်အပ်ခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ပီတာ မာလီနာကာစ်က မေ ၁၂ ရက်တွင် ကြေညာခဲ့သည်။

ပြည်နယ်အစိုးရ၏ အဆိုပြုချက်အောက်တွင် အသက် ၁၄ နှစ်အောက်အရွယ် ကလေးများသည် မည်သည့် ဆိုရှယ်မီဒီယာကိုမဆို အသုံးပြုခြင်းမှ တားမြစ်ခံရမည်ဖြစ်ပြီး အသက် ၁၄ နှင့် ၁၅ နှစ်ကြားရှိသူများသည် လူမှုကွန်ရက် အကောင့်တစ်ခုဝင်ရောက်ရန် သက်ဆိုင်ရာ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ဆိုရှယ်မီဒီယာသည် ကလေးများ၏ စိတ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း အထောက်အထားများ ထွက်ပေါ်လာခြင်းကြောင့် ယခုကဲ့သို့ ပိတ်ပင်တားမြစ်ရခြင်းဖြစ်ကြောင်း ပီတာ မာလီနာကာစ်က ပြောကြားသည်။

စည်းမျဉ်းများချမှတ်ရာတွင် သြစတြေးလျနိုင်ငံ၌ အသက် ၁၈ နှစ်အောက် အွန်လိုင်း လောင်းကစားများ ပြုလုပ်ခြင်းဆိုင်ရာ ကာကွယ်တားဆီးသည့် စည်းမျဉ်းများအတိုင်း ချမှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

သြစတြေးလျနိုင်ငံဖက်ဒရယ်အစိုးရ၏ eSafety Commissioner ၏ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သြစတြေးလျ ဆယ်ကျော်သက်များသည် တစ်ပတ်လျှင် ပျမ်းမျှ ၁၄ ဒသမ ၄ နာရီခန့် အွန်လိုင်းသုံးစွဲကြပြီး အများအားဖြင့် ဆိုရှယ်မီဒီယာ ဝန်ဆောင်မှု လေးခုကို အသုံးပြုကြကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ကဘူးလ် မေ ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ ၁၈၀ ရှိလာကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

**နှောင့်နှေးခဲ့ရ**

နိုင်ငံမြောက်ပိုင်း ဗာလန်နှင့် တက်ဟာပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ၂၄၀ ဒဏ်ရာရရှိပြီး ရာသီဥတုအခြေအနေကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရသည်။

ယခုဖြစ်ပွားသည့် ရေကြီးရေလျှံမှုများကြောင့် ကျေးရွာများအချင်းချင်း ဆက်သွယ်ထားသည့် လမ်းများ ပျက်စီးခဲ့ပြီး ကယ်ဆယ်ရေးလုပ်သားများအတွက် လုပ်ငန်းများနှောင့်နှေးကာ သောက်သုံးရန်အတွက် ရေအခက်အခဲဖြစ်ခဲ့ပြီး ရေမသန့်ရှင်းမှုကြောင့် ရောဂါများဖြစ်လာမည်ကို စိုးရိမ်ရကြောင်း အာဖဂန် ကြက်ခြေနီအသင်းတာဝန်ရှိသူ ဖဇေဟက်ဇ်က ပြောကြားသည်။

ယင်းအရေးကို ဖြေရှင်းရေးအတွက် နိုင်ငံတကာမှ ပံ့ပိုးကူညီရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ဘရာဇီးနိုင်ငံ၌ ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၄၅ ဦး ရှိလာ

**ရီယိုဒီဂျနေရိုး မေ ၁၄**

ဘရာဇီးနိုင်ငံတွင် ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူအရေအတွက် ၁၄၅ ဦးရှိလာကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းအရ သိရသည်။

**ထိခိုက်သေဆုံးမှုများပြား**

အဆိုပါရေကြီးရေလျှံမှုကြောင့် ရီယိုဂရန် ဒီဒိုဆန်ပြည်နယ်တွင် ထိခိုက်သေဆုံးမှုများပြားခဲ့သည်။ ရေကြီးရေလျှံမှုများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်အတွင်းရှိ လက်ရွေးစင်အားကစားများက နိုင်ငံတကာတွင် သွားရောက်ယှဉ်ပြိုင်မည့် ပါရီအိုလံပစ် အားကစားပွဲကဲ့သို့သော အားကစားပွဲများမှ နုတ်ထွက်ခဲ့ကြသည်။ အားကစားသမားတစ်ဦးက အိုလံပစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရေးမှာ မိမိ၏ အိပ်မက်ဖြစ်သော်လည်း သဘာဝဘေးကြုံတွေ့နေရသူများကို ကယ်ဆယ်သင့်သည်ဟု မိမိယူဆကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ အများအပြား ထပ်မံဖြစ်ပွားနိုင်သည်ဟု သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်အဖွဲ့အား ထိုးစစ်ဆင်မှု အရှိန်မြှင့်တင်

**ဂျေရုဆလင် မေ ၁၄**

ဟားမတ်စ်စစ်သွေးကြွအဖွဲ့အား ချေမှုန်းရန်အတွက် စစ်ဆင်ရေးများကို ဂါဇာမြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် အရှိန်အဟုန်ဖြင့် ဆင်နွှဲခဲ့ကြောင်း အစ္စရေး တပ်ဖွဲ့က ပြောကြားသည်။

**ပြောကြား**

ရာဖာတွင် ဆင်နွှဲသည့် စစ်ဆင်ရေးများအတွင်း အကြမ်းဖက်သမားအများအပြားကို သုတ်သင်နိုင်ခဲ့ပြီး လက်နက်များ သိမ်းဆည်းရမိခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒန်နီယယ် ဟာဂါယီက ပြောကြားသည်။ လက်ရှိတွင်ရာဖာ၌ အရပ်သားတစ်သန်းခန့် ခိုလှုံနေသည်။ အစ္စရေးတပ်ဖွဲ့က ဟားမတ်စ်အပေါ် စစ်ဆင်ရေးဆင်နွှဲရာတွင် လူဦးရေများပြားသည့် ဒေသများကို တိုက်ခိုက်ခြင်းမှ ရှောင်ရှားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဂါဇာမြောက်ပိုင်းရှိ ဂျဗာလီယာတွင် ဟားမတ်စ်အဖွဲ့က အင်အားပြန်လည်စုစည်းမှုများဆောင်ရွက်နေသဖြင့် ယင်းဒေသကို တိုက်ခိုက်ခြင်း ဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်။

ရာဖာမြို့အလယ်ပိုင်းသို့ အစ္စရေးတင့်ကားများ ချီတက်လာနေပြီး ရာဖာမှ ဒေသခံအများအပြား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေကြကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အစ္စရေးတင့်ကားများသည် အယ်လ်ဂျီနီယာအနီးသို့ရောက်ရှိလာကြောင်းနှင့် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားကြောင်း ဒေသခံများက ပြောကြားသည်။ မေ ၆ ရက်မှ စတင်၍ ဒေသခံ ၄၅၀၀၀၀ ခန့် ရာဖာမှ ရွှေ့ပြောင်းနေကြကြောင်း ကုလသမဂ္ဂ ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ လုပ်ငန်းအေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။

ဂါဇာဒေသခံများသည် အစာရေစာငတ်မွတ်ခြင်း၊ အင်အားကုန်ခန်းခြင်းများ ခံစားနေရ၍ ကြောက်ရွံ့နေကြကြောင်း၊ ဒေသခံများတောင့်တနေသည့်အရာမှာ ငြိမ်းချမ်းရေးသာဖြစ်ကြောင်း တာဝန်ရှိသူများက ထပ်လောင်း ပြောကြားသည်။



**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများဝင်ရောက်နိုင်ရေးအတွက် အနောက်ပိုင်း Erez နယ်စပ်ဖြတ်ကျော်စခန်းဖွင့်လှစ်

**ဂျေရုဆလင် မေ ၁၄**

အငတ်ဘေး ကြုံတွေ့နေရသည့် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်း စာနာထောက်ထားသည့် အကူအညီများဝင်ရောက်နိုင်ရေးအတွက် အနောက်ပိုင်း Erez နယ်စပ်ဖြတ်ကျော်စခန်းကို ဖွင့်လှစ်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြားသည်ဟု ယနေ့ ဆင်ဟွာ သတင်းအရ သိရသည်။

ယခုဖွင့်လှစ်သည့် နယ်စပ်ဖြတ်ကျော်စခန်းသည် Erez နယ်စပ်ဖြတ်ကျော်စခန်းအနီးတွင် တည်ရှိပြီး ယင်းနယ်စပ်ဖြတ်ကျော်စခန်းအား ဂါဇာဒေသသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများအများအပြားပေးပို့နိုင်ရေးအတွက် အစ္စရေးတပ်ဖွဲ့က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးတပ်ဖွဲ့သည် ဂါဇာမြောက်ပိုင်းရှိ ဂျဗာလီယာတွင် စစ်ဆင်ရေးများ ဆင်နွှဲသကဲ့သို့ ဂါဇာဒေသ အရှေ့ပိုင်းနှင့် ရာဖာ နယ်စပ်ဖြတ် ကျော်စခန်းအနီးတွင်လည်း တိုက်ပွဲများ ဆင်နွှဲခဲ့ကြောင်းသိရသည်။ အစ္စရေးတပ်ဖွဲ့သည် ဂျဗာလီယာမြို့ရှိ အရပ်သားများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် ညွှန်ကြားခဲ့သည်။ ဂါဇာကမ်းမြောင်သို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဝင်ရောက်နိုင်ရေးအတွက် အစ္စရေးအစိုးရသည် ဧပြီလအတွင်းက Erez နယ်စပ်ဖြတ်ကျော်စခန်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

အစ္စရေးနိုင်ငံသို့ ဟားမတ်စ်အဖွဲ့ ၏ ဝင်ရောက်တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက ဂါဇာဒေသတွင် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ ယင်းပဋိပက္ခကြောင့် ၃၅၀၃၄ ဦးသေဆုံးပြီး ၇၈၇၅၅ ဦး ဒဏ်ရာရခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## မုံရွာမြို့နယ်ရှိ မိုးညှင်းသမ္ဗုဒ္ဓေဘုရားဝင်းထဲသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားပြီး ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မိုးညှင်းသမ္ဗုဒ္ဓေဘုရားဝင်းထဲသို့ မေ ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်လုပ်ရပ်များကို အားပေးလက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့မှုအရ မိုးညှင်းသမ္ဗုဒ္ဓေကျေးရွာအနီးတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် PDF အမည်ခံအကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရကြောင်းနှင့် ပြည်သူများ ထိခိုက်သေဆုံးမှုမရှိကြောင်း ခိုင်လုံသော သတင်းပေးပို့မှုများအရ သိရှိရသည်။

အကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာတွင် အများပြည်သူ အသုံးပြုလျက်ရှိသည့် ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံများကို အကာအကွယ်ယူတိုက်ခိုက်ခြင်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်ကို ပြည်သူများအနေဖြင့်လည်း သိရှိပြီးဖြစ်သည်။ ထို့ကြောင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အောင်လံမြို့တွင် ကွယ်လွန်သူအစား စစ်မှုထမ်းရန်ဆင့်ခေါ်ခြင်းနှင့် အုတ်ဖိုမြို့တွင် စစ်မှုထမ်းရန်ငြင်းဆိုသည့် လူငယ်ခုနစ်ဦးနှင့် မိသားစုဝင် ၁၁ ဦးကို ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရော်ကုန်းရပ်ကွက်မှ အူမကြီးကင်ဆာရောဂါဖြင့် ကွယ်လွန်သည်မှာ ခြောက်လခန့်ရှိပြီဖြစ်သည့် အသက် ၂၇ နှစ်အရွယ် ဖိုးသောကြီးမှာ စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါရှိသည့်အတွက် ၎င်းအစား အိမ်ရှိလူငယ်တစ်ဦးကို အစားထိုးထည့်သွင်းပေးရန် တာဝန်ရှိသူများက ပြောဆိုခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ တရားမဝင်ပြည်ဖျက်မီဒီယာတွင် ရေးသားဖော်ပြထားသည့် ကွယ်လွန်သူ လူငယ်တစ်ဦး စစ်မှုထမ်းဆောင်ရန် အမည်စာရင်းပါရှိသည့်အတွက် ၎င်းအစား အိမ်ရှိလူငယ်တစ်ဦးကို အစားထိုးထည့်သွင်းပေးရန် တာဝန်ရှိသူများက ပြောကြားခဲ့သည်မှာ ဟုတ်မှန်မှုမရှိကြောင်း၊ တရော်ကုန်းရပ်ကွက်တွင် ၎င်းအမည်ဖြင့်လည်း မည်သူမျှမရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

### မဟုတ်မမှန်ရေးသားဖြန့်ဝေ

အလားတူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ ချမ်းမြသာမြေရပ်ကွက်မှ စစ်မှုထမ်းဆောင်ရန် ငြင်းဆိုသည့် လူငယ် ခုနစ်ဦးနှင့် မိဘဆွေမျိုးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

## ဇီးကုန်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ဇီးကုန်း မေ ၁၄

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် လယ်မကျေးရွာအုပ်စု ကျွဲခြံကျေးရွာရှိ တင်ဟော့ဇာထိုးပန်းထိုးစက်ရုံ၌ သာယာဝတီခရိုင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်သည်။



အဆိုပါ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲတွင်သာယာဝတီခရိုင် အမှတ်(၂)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ် ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပါ အကြောင်းအရာများ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အကြောင်းအရာများ၊ အငှားကိုယ်ဝန် ဆောင်ခြင်းနှင့် ပတ်သက်သော အကြောင်းအရာများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများအား projector ဖြင့် ပြသ၍ အသေးစိတ်ရှင်းလင်းအသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် အလုပ်သမား ၄၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## သတင်းတု၊ သတင်းမှားနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

လင်းခေး မေ ၁၄

လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူး၏ကြီးကြပ်မှုဖြင့် အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရတိုက်ခိုက်ပြောဆိုခြင်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက လင်းခေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါအသိပညာပေးဟောပြောရာတွင် လင်းခေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေမိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်လွင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူးခင်ရွှေတို့က သတင်းတုသတင်းမှားများနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြရာ ဟောပြောပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးနှင့် လင်းခေးမြို့ဒေသခံပြည်သူ လူငယ်လူရွယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ရဲတပ်ဖွဲ့)

## အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ကော့သောင်း မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဓမ္မာရုံတွင် ပြုလုပ်သည်။

### ကွင်းဆင်းဆောင်ရွက်ပေး

အဆိုပါ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးကိုကိုနိုင်ကြီးကြပ်မှုဖြင့် လဝကမှူး ဦးမောင်မောင်ဦး ဦးဆောင်သော ဝန်ထမ်းများသည်ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ ပြည်သူများအား လိုအပ်သည့်အချက်အလက်များအား စိစစ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများ၊ မှတ်ပုံတင် (လဲလှယ်) သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



✻ ကျောဖုံးမှ

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ရန်ကုန်အသင်းသည် ပထမပိုင်းကတည်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၉ မိနစ်တွင် ပန်းအိန္ဒယ်၊ ၄၂ မိနစ်တွင် နန်းချိုမွှေး၊ ၅၄ မိနစ်တွင် ယွန်းဝတီလှိုင်၊ ၇၃ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် ရှောဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ အသင်းသစ် ရှောဝတီအသင်းသည် အဖွင့်ပွဲတွင် သစ္စာအားမာန်အသင်းကို အနိုင်ယူခဲ့သလို ယခုပွဲတွင်လည်း ချန်ပီယံဟောင်း အား/ကာသိပ္ပံအသင်းကို သရေကစားနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် အသင်းသစ်နှစ်သင်းနှင့် ဆက်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး အဖွင့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုးတည်းဖြင့် အနိုင်ရသော်လည်း ယခုပွဲတွင် သရေကျခဲ့သည်။ ၆ မိနစ်တွင် ဇီတာရှင်က ရှောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးကို ၅၂ မိနစ်တွင် ဝေဟင်ဖြိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ရှောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မြဝတီအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းက တစ်ပွဲကစား တစ်ပွဲရှုံး၊ သစ္စာအားမာန်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးနိမ့်ကာ အမှတ်မရသေးပေ။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MWL

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

မောင်တည်ကြည်

(ယမန်နေ့မှအဆက်)

**ပြည်တွင်း၊ ပြည်ပအစည်းအဝေးများ တက်ရောက်ခြင်း**

၂၀၂၃ ခုနှစ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေး အဖွဲ့ဝင်နိုင်ငံများအနက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ (SIAA) နှင့်လည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခြင်းတို့အပြင် နိုင်ငံတကာ၌ကျင်းပသည့် အစည်းအဝေးများ၊ ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ In Person ဖြင့် ခြောက်ကြိမ် ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format ဖြင့် ကိုးကြိမ် တက်ရောက်နိုင်ခဲ့ပါသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သည့်အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြည်ပသင်တန်းများ တက်ရောက်ခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်းကောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်အတွက် ရည်ရွယ်၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသတွင်း မိတ်ဖက်နိုင်ငံအဖွဲ့အစည်းများက ဖိတ်ကြားလာသည့် သင်တန်းများသို့ ကော်မရှင်ရုံးရှိ ဝန်ထမ်းများအား စေလွှတ်တက်ရောက်စေခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း In Person ဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းနှစ်ကြိမ်၌ သင်တန်းသား သုံးဦးအား ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ခဲ့ပြီး Online စနစ်ဖြင့် ဖွင့်လှစ်ခဲ့သည့် ပြည်ပသင်တန်း ၁၀ ကြိမ်၌ သင်တန်းသား ၁၉ ဦး တက်ရောက်ခဲ့ပါသည်။

**ပြည်တွင်းသင်တန်းများ တက်ရောက်ခြင်း**

ကော်မရှင်ရုံးဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် စိတ်ဓာတ်၊ စည်းကမ်း၊ ခံယူချက်ပြည့်ဝစေရန်အတွက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများက ဖွင့်လှစ်သော သင်တန်း ၅၀ သို့ သင်တန်းသား ၁၀၀ အား စေလွှတ်တက်ရောက်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်ရုံး၌ ဖွင့်လှစ်သည့် ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း လေးခု၌ သင်တန်းသား ၁၃၈ ဦးအား သင်ကြားပို့ချခဲ့ပါသည်။

**ဌာနတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်(Capacity Building) မြှင့်တင်ရန်၊ ဝန်ထမ်းများ၏ လေ့လာမှုနှင့် စာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ အများရှေ့တွင် တင်ပြနိုင်မှုစွမ်းရည် (Presentation Skill) မြှင့်တင်ရန်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးနိုင်ရန်အတွက် **“ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး”** ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption– UNCAC) ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ သိရှိနားလည်စေရန်၊ UNCAC ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲထားသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် ဆက်စပ်ဥပဒေများအား သိရှိနားလည်စေရန်နှင့် UNCAC အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်၏ မြန်မာနိုင်ငံအပေါ် အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများအား သိရှိနိုင်ရန် ရည်ရွယ်၍ ရှင်းလင်းတင်ပြပွဲအခမ်းအနားကို ခြောက်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**၂၀၂၃ ခုနှစ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်အကဲဖြတ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း**

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို လေးနှစ်တစ်ကြိမ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ အဆိုပါ မဟာဗျူဟာစီမံချက်အပေါ်မူတည်၍ ၂၀၂၃ ခုနှစ်အတွင်း ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ရန် အချက် ၅၂ ချက်ဖြင့် ရေးဆွဲခဲ့ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၄၇ ချက်၊ ၉၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အချက်များကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု တင်ပြထားပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်းကဏ္ဍအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် သက်ဆိုင်သည့် အသိပညာဗဟုသုတများအား ကျောင်းသားလူငယ်များမှစတင်၍ ရရှိစေရန်အတွက် ဆရာကိုင်စာအုပ်များနှင့် ရည်ညွှန်းစာစောင်များကို အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များသို့ ဖြန့်ဝေနိုင်ခဲ့သဖြင့် ကျောင်းသားလူငယ်များအတွက် ဖြောင့်မတ်တည်ကြည်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများရရှိစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**❝ အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားဖောက်ဖျက်၍ ယုံကြည်စွာအပ်နှံထားသည့် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုခြင်း၊ မလျော်သြဇာသုံးစွဲခြင်း၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာဆုံးရှုံးခြင်းအထိ ပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်သည့်အပြင် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်ဘဏ္ဍာ ထိခိုက်နစ်နာဆုံးရှုံးမှု မရှိစေရေး၊ ပြည်သူတစ်ဦးချင်း နစ်နာမှုမဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်လျက်ရှိ ❞**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင်ရုံးခွဲများ တည်ရှိရာမြို့များရှိ အခြေခံပညာကျောင်းများ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ လူငယ်စကားဝိုင်းများနှင့် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutain-ment အစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာကဏ္ဍများတွင်လည်း ဖြောင့်မတ်တည်ကြည်မှုနှင့် တာဝန်ယူမှုမြင့်မားလာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်းကြောင့် စီးပွားရေးကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့တွင် ဖြောင့်မတ်တည်ကြည်မှု၊ ကိုယ်ကျင့်သိက္ခာနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ခံယူချက်များ၊ အသိအမြင်များ ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူး၍ “အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့” ခေါင်းစဉ်ဖြင့် ကျင်းပသည့် လူမှုကြော်ငြာပြိုင်ပွဲတွင် အသိပညာပေးပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ စိတ်ပါဝင်စားမှုကို နိုင်ငံတကာက သိရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

အဆိုပါပြိုင်ပွဲသို့ လူငယ်မျိုးဆက်သစ်များစွာ ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လူငယ်များ၏ စိတ်ပါဝင်စားမှုကို သိရှိခဲ့ရပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သကဲ့သို့ ပြိုင်ပွဲတွင် ဆုရရှိသူများကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပသည့် အကြိမ်(၂၀)မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ နိုင်ငံတော်အဆင့်အသိအမှတ်ပြု ဆုချီးမြှင့်နိုင်ခဲ့သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ခဲ့မှုအပေါ် အသိအမှတ်ပြုလေးစားတန်ဖိုးထားသည်ကို ထုတ်ဖော်ပြသနိုင်ခဲ့ပါသည်။

ကော်မရှင်အနေဖြင့် ဖွဲ့စည်းထားသည့် CPU များ၏ လုပ်ငန်းတာဝန် (၃) ရပ်နှင့် လုပ်ငန်းအစီအစဉ် (၆) ရပ်ကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းအစီအစဉ် (၆) ရပ်တွင် ပါဝင်သည့် လုပ်ငန်းလမ်းညွှန်များနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တည်မြဲလုပ်ထုံးလုပ်နည်းများ ရေးဆွဲရန် ကျန်ရှိသည့်ဌာနများအား ရေးဆွဲဆောင်ရွက်သွားနိုင်ရေး ညှိနှိုင်းမှုအရ ၂၀၂၃ ခုနှစ်အတွင်း CPU ဖွဲ့စည်းထားသည့် ဌာနများတွင် ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါသည်။







စာမျက်နှာ ၁၇ သို့ ☆

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဓနုဖြူမြို့နယ်၌ တောင်သူပညာပေး ဆွေးနွေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ဓနုဖြူ မေ ၁၄

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းက ဓနုဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ တောင်သူများအား ပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူပညာပေး ဆွေးနွေးပွဲ လုပ်ငန်းစဉ် ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုအားပေး သည်။



## ကြည့်ရှုအားပေး

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုး ရေးဦးစီးဌာနရုံးချုပ်မှ ဆီထွက် သီးနှံအထူးဇုန်များ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော် ဇော်ဦးနှင့်အဖွဲ့က ဆီထွက်သီးနှံ ဇုန်(၂)မှ တောင်သူများအား ပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူပညာပေး ဆွေးနွေးပွဲ လုပ်ငန်းစဉ် ဆောင်ရွက်နေမှု အခြေအနေများကို ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုအားပေးပြီး တိုင်းဒေသ ကြီးအတွင်း ဆီထွက်သီးနှံပန်းတိုင် အထွက်နှုန်း ရောက်ရှိရေးနှင့် ဆီဖူလုံမှုရရှိစေရေး လာရောက် ဆွေးနွေးပေးသည့် စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်မှ) ပညာရှင် များအား အထူးပင်ကျေးဇူးတင်ရှိ ပါကြောင်း၊ တောင်သူများအနေ ဖြင့် ယခုဆွေးနွေးပွဲတွင် ဆွေးနွေး မှုများအပေါ် သေချာစွာလေ့လာ မှတ်သားထားကြရန် လိုအပ် ကြောင်းနှင့် သိရှိလိုသည်များ ရှိပါက မေးမြန်းနိုင်ကြောင်း ပြောကြားပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင် များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှူး ဦးချစ်ဝင်းနိုင်၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆီထွက်သီးနှံဇုန်(၂)မှ တောင်သူ များ စုစုပေါင်း ၁၂၀ ခန့် တက် ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၁၄

မကွေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် မိုးတိမ်တောင် များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာ သွန်းခြင်းနှင့်အတူ လေပြင်း တိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း နှင့် မိုးသီးကြွေခြင်းစသည့် မိုးလေ ဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံ ပြုအပ်ပါသည်။

မိုး/ဇလ

☆ စာမျက်နှာ ၁၆ မှ

၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ အများပြည်သူ ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ နှိုင်းယှဉ်ဖော်ပြထား ရှိမှုမှာ-







အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုဆန်းစစ်လေ့လာခြင်းအားဖြင့် အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေမည်ဖြစ်သောကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် အဖွဲ့အစည်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊ လိုအပ်သည့် နည်းပညာ အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်း များကိုလည်း မှန်ကန်စွာသုံးသပ်နိုင်ရေးအတွက် လိုအပ်သည့်အကူအညီနှင့်လမ်းညွှန်မှုများ ပြုပေးသင့် ပါကြောင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားဖောက်ဖျက်၍ ယုံကြည်စွာ အပ်နှံထားသည့် လုပ်ပိုင်ခွင့် အာဏာကို အလွဲသုံးစားပြုခြင်း၊ မလျော်ဩဇာသုံးစွဲခြင်း၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း၊ ပိုင်ဆိုင်မှုတို့ကို ထိခိုက်နစ်နာဆုံးရှုံးခြင်းအထိ ပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် စုံစမ်းစစ်ဆေးအရေးယူခြင်းများ ဆောင်ရွက် သည့်အပြင် ဆုံးရှုံးနစ်နာမှုများကို ပြန်လည်ရရှိအောင် တာဝန်ယူဆောင်ရွက်ပေးရသည့် အဖွဲ့အစည်း ဖြစ်သည့်အတွက် နိုင်ငံတော်ဘဏ္ဍာထိခိုက်နစ်နာ ဆုံးရှုံးမှုမရှိစေရေး၊ ပြည်သူတစ်ဦးချင်း နစ်နာမှုမဖြစ် စေရေး အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတကာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် သုံးသပ်တင်ပြချက်များ**

၂၀၂၃ ခုနှစ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်းကောင်း၊ အာဆီယံ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများအနက် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရစုံစမ်းစစ်ဆေးရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့ (State Inspection and Anti–Corruption Authority–SIAA) နှင့်လည်းကောင်း နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နိုင်ငံတကာ၌ ကျင်းပသည့် အစည်းအဝေးများ၊ ညီလာခံများ၊ အလုပ်ရုံ ဆွေးနွေးပွဲများသို့ In Person ဖြင့် ခြောက်ကြိမ် ပါဝင်တက်ရောက်နိုင်ခြင်း၊ Virtual Format ဖြင့် ကိုးကြိမ် တက်ရောက်နိုင်ခဲ့ပါသဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကောင်းမွန်သည့် အလေ့အထများ၊ အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့သောကြောင့် ကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တင်ပြထားသည်ကို တွေ့ရှိ ရပါသည်။

**၂၀၂၄ ခုနှစ် ရှေ့လုပ်ငန်းအစီအစဉ်**

ကော်မရှင်သည် ၂၀၂၄ ခုနှစ်တွင် အဂတိလိုက်စားမှုအသိပညာပေးရေး၊ တားဆီးကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကို အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်များ ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားပါသည်-

(က) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး
(ခ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး
(ဂ) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး
(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်း များ တည်ဆောက်ရေး
(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး
(စ) ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး
(ဆ) နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး
(ဇ) အမြဲမပြတ်စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး
(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် လုပ်ငန်းအစီအစဉ် ချမှတ်ရေး
(ည) ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး

ကော်မရှင်သည် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေ ရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အချိန်နှင့်တစ်ပြေးညီ အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် နိုင်ငံတော်မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂိုလ်ရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုများ၊ နိုင်ငံတော်ကချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို သွေဖည် ၍ အဂတိလိုက်စားမှု ကျူးလွန်သည့် မည်သူ့ကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် သွားမည် ဖြစ်ပါသည်။

ထို့ကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများ မရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်း ရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ ပြည်သူလူထုအားလုံးနှင့်ပူးပေါင်း၍ အဂတိ ကင်းစင်သည့် အသိုက်အဝန်းတစ်ခု ဖြစ်ပေါ်လာစေရေး ရည်မှန်းကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ။

# နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် မေ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါကမည်သို့သောအခြေအနေဖြင့် ကြုံတွေ့နေရသည့်တိုင် နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့်ညှိနှိုင်း၍ နိုင်ငံတော်မှ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မေ ၁၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာလာခဲ့ပြီး ဒူဘိုင်းနှင့် ဗန်ကောက်တို့မှတစ်ဆင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့သို့ ည ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မမြစံပယ်သည် ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့ရှိ အလုပ်ရှင်နေအိမ်တွင် သုံးလကျော်အလုပ်လုပ်ကိုင်ခဲ့ပြီး ဆက်လက်အလုပ်လုပ်ကိုင်လိုခြင်းမရှိသည့်အတွက် နီးစပ်ရာရဲစခန်းမှတစ်ဆင့် မြန်မာသံရုံးသို့ သွားရောက်အကူအညီတောင်းခံခဲ့ရာ မြန်မာသံရုံးမှ သံမှူးကြီးနှင့် ဝန်ထမ်းများက မမြစံပယ်အား နေရာထိုင်ခင်း၊ အစား



အသောက်နှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်၍ နိုင်ငံတော်အစိုးရ၏ ကူညီဆောင်ရွက်မှုဖြင့် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲ ရင်ဆိုင်ခဲ့ရမှုနှင့်စပ်လျဉ်း၍ မမြစံပယ်က“ ကျွန်မကထန်းတပင်မြို့နယ်မှာနေပါတယ်။ Buraydah မှာအလုပ်လုပ်ရင်း အိမ်ရှင်နဲ့အဆင်မပြေတာက အိမ်အလုပ်လည်းလုပ်ရတယ်၊ ဈေးလည်းရောင်းပေးရတယ်၊ သက်ကြီးရွယ်အိုကိုလည်းကြည့်ပေးရတယ်။ အလွန်ပင်ပန်းတာကြောင့် အိမ်ရှင်ကိုဒူဘိုင်းပြန်ပို့ပေးဖို့ပြောတော့ ကားနဲ့လမ်းခုလတ်ရဲစခန်းနားမှာထားပေးခဲ့တယ်။ ရဲစခန်းအကူအညီနဲ့ မြန်မာသံရုံးကိုရောက်သွားတော့ သံအမတ်၊ သံမှူးကြီးနဲ့ဝန်ထမ်းတွေက မိသားစုလိုကြိုဆိုပြီး နေထိုင်စားသောက်မှုကအစ အကူအညီအားလုံးပေးပါတယ်။ နိုင်ငံတော်အကြီးအကဲများနဲ့ မြန်မာသံရုံးကိုကျေးဇူးဆပ်ခွင့်ရရင်ဆပ်ချင်ပါတယ်။ အမိနိုင်ငံကိုပြန်ရောက်အောင် ဝိုင်းဝန်းစောင့်ရှောက်ပေးမှုကို တစ်သက်လုံးအမှတ်ရနေမှာပါ။ အားလုံးကျန်းမာချမ်းသာကြပါစေ” ဟုပြောသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကူညီဆောင်ရွက်ပေးခဲ့ရာ အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်မှုများရှိခဲ့ပြီး ယခုတိုင်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ ထိုသို့ အမိနိုင်ငံသူတစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ – ကနူး



## စေတုတ္တရာမြို့နယ်၌ မီးဘေးကာကွယ်ရေး အသိပညာပေး ဟောပြော၊ မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

စေတုတ္တရာ မေ ၁၄

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများဖြင့် ပြသရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့ရုံး၌ မေ ၁၂ ရက်က ပြုလုပ်ခဲ့သည်။

### လက်တွေ့သရုပ်ပြသ

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရိုန်းမင်းထက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် ကယ်ဆယ်ရေးဆောင်ရွက်မှုပြသရှင်းလင်းခြင်းနှင့် မီးငြိမ်းသတ်ရေး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသလေ့ကျင့်ခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

## သန်လျင်မြို့နယ်၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေး

ရန်ကုန် မေ ၁၄




သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းတွင် သန်လျင်မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ ဈေးများတွင် ဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဇေယျာမင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးဝင်းနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး (ဈေး) ဦးနေလင်းထွန်းနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များစုပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် နှိုးဆော်အသိပညာပေးခြင်း၊ သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ လေဘေး၊ ရေဘေးအစရှိသည့် အန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သန်လျင်မြို့မဈေးကြီးတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အလားတူ သန်လျင်မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများနှင့် အောင်ချမ်းသာဈေး၊ ဘုရားကုန်းဈေး၊ တာဝဈေးတို့၌လည်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်

## ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများပြီးစီးမှု စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်



ကျောက်တန်း မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ရွာသစ်ကြီးကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ)မှ အတိုးရငွေဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်းပြုလုပ်ခြင်းလုပ်ငန်းများ ပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါကျေးရွာလမ်း၏ အရှည်မှာ ပေ ၁၇၀ ရှိပြီး လမ်းအကျယ် ၁၀ ပေနှင့် အမြင့် ခြောက်လက်မဖြစ်ပြီး မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် သိန်း ၈၀ ဖြင့် လမ်းခင်းခြင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း (ကျောက်တန်း)

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူရှိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ပတ်စ်ပို့ပျောက်

(ဘ) ဦးအောင်နိုင်သူ၏သား မောင်နေမျိုးသူ [၁၂/လသန(နိုင်) ၀၂၂၇၆၂]၏ နိုင်ငံကူးလက်မှတ် MC – 123928 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၇၉၄၆၄၄၂၈၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးနေမျိုးသူ၏ သား မောင်ရန်နိုင်သူ ၁၀–၂–၂၀၁၆ ၏ နိုင်ငံကူးလက်မှတ် MC–123929 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၇၉၄၆၄၄၂၈၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးခင်မောင်မြင့်၏ သမီး မအိရှုပါခင် [၉/ခအဇ (နိုင်) ၀၃၅၃၄၄]၏ နိုင်ငံကူးလက်မှတ် MC– 123930 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– ၀၉–၇၉၄၆၄၄၂၈၄**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဇော်ဝင်း၏ သမီး မသူဇာဇော် [၁၂/သကတ(နိုင်) ၁၅၅၀၅၂]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း– 09–450054439**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်– ၅၂၅၊ (၈)ထပ်၊ (ညာဘက်ခြမ်း)ဟုခေါ်တွင်သည့် ၁၅ပေx ၁၀၀ ပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ၁–၁–၂၀၀၇ ရက်စွဲပါ စာချုပ်အရ တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးသန်းအောင် (မှတ်ပုံတင်အမှတ် KMA–၀၁၇၆၈၈)ထံမှ ကျွန်မ ဒေါ်ဖဲ (မှတ်ပုံတင်အမှတ် [၁၂/မဂတ (နိုင်) ၀၄၂၇၅၃]က ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိစီမံခန့်ခွဲလျက်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဝယ်ယူပြီးသည့် ၂၀၀၇–ခုနှစ်မှစ၍ ယနေ့အချိန်ထိ ကျွန်မဒေါ်ဖဲတစ်ဦးတည်း လက်ရောက်ရရှိ ပိုင်ဆိုင်စီမံခန့်ခွဲလျက်ရှိသောတိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်တွင်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ လွှဲပြောင်းခွင့်မရှိဘဲ ကျွန်မ ဒေါ်ဖဲနှင့် ကျွန်မက တရားဝင်ခန့်အပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိသူတို့ကသာလျှင် လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖဲ**
**မှတ်ပုံတင်အမှတ်[၁၂/မဂတ(နိုင်)၀၄၂၇၅၃]**
**လိပ်စာ(၅၂၅)၊ ၈လွှာ(င)၊ ကန်ရှေ့ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။**

## “အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ပိတောက်လမ်း၊ တိုက်အမှတ် (၆)၊ တတိယထပ်၊ (၄)လွှာ၊ အခန်းအမှတ် (၃၀၂)၊ ခြေရင်းခန်း၊ (၂)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ ဧရိယာအကျယ်အဝန်း အလျား(၂၅)ပေx အနံ(၅၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်ခန့်ခန့်ထွန်း [၆/ကသန(နိုင်)၀၃၄၁၂၁]မှ ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးအာကာဇော် [၁၂/တမန(နိုင်)၁၀၂၉၉၉]မှ အရောင်းအဝယ် တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၇၂၂) (၂၆–၃–၂၀၁၄)**
**အမှတ် (၈)၊ K–4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၃၇၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၊ လူနေရပ်ကွက်အမှတ်–ကံဘဲ့၊ မြေကွက်အမှတ်(၆၃/ခ)၊ ဇမ္ဗူရာဇ်လမ်းဟုခေါ်တွင်သော ပေအကျယ် (၃၃'. ၆''x ၁၀၀')ပေရှိ ဦးခင်ဇော် ဂရန်အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ဇော် [၁၂/ဥကတ(နိုင်)၀၂၆၀၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလှ[၅/ဆလက(နိုင်)၀၃၉၅၉၀]ဖြစ်သူမှ အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ် ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ဂရန်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်–၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျုန်စစ်သားလမ်း၊**
**အောင်မြေသာယာ ShopHouse (၆)ရပ်ကွက်၊ လှိုင်သာယာ။**
**ဖုန်း– ၀၉–၅၄၁၄၅၃၄၊ ၀၉–၅၁၀၉၆၄၇၊ ၀၉–၇၇၃၉၅၃၁၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ ပဒ္တမြားလမ်း၊ မြေကွက်အမှတ်(၄၆၁/ခ)၊ အကျယ်အဝန်း (၂၅x ၆၀) ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးဝေလင်း [၉/ညဥန(နိုင်)၁၂၄၈၃၉] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ဥမ္မာဦးက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၆၀၄)**
**အမှတ် (၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊**
**ဗဟန်းမြို့နယ်။ ဖုန်း–၀၉–၄၂၁၀၄၁၇၇၁**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၆–လမ်းတို၊ အမှတ် (၅၇) ဟုခေါ်တွင်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/P)၊ မြေကွက်အမှတ် (V–၆၁၈)၊ အကျယ်အဝန်း (၃၀ပေx ၄၀ပေ) ဧရိယာ (၁၂၀၀)စတုရန်းပေရှိ မမြင့်မြင့်နွယ်၊ မောင်စိုးညွန့်၊ မောင်စိုးဝင်း၊ မစန်းစန်းမြင့်နှင့် မောင်စိုးမြင့်တို့အမည်ပေါက် နှစ်(၉၀) (သက်ကုန်) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၂)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို [အခန်းအပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သော အခန်း (၄)ခန်း မပါဝင်ပါ။] ရောင်းချသူ ဦးစိုးမြင့် [၁၂/တမန (နိုင်)၀၉၆၁၅၈]၊ ဒေါ်မြင့်မြင့်နွယ် [၁၂/တမန (နိုင်)၀၇၁၈၂၉] နှင့် ဒေါ်စန်းစန်းမြင့် [၁၂/တမန(နိုင်)၀၇၁၆၀၁]တို့က တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နီနီဝင်း(LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **(စဥ်–၈၇၉၂)** | **(စဥ်–၅၁၇၁၈)** | **(စဥ်– ၅၅၇၆၄)** |

**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**အမှတ်– ၃၆၊ မြေညီထပ်၊ ၈၉–လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၈၈၆၀၅၊ ၀၉–၅၀၆၄၉၅၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (A–4)၊ Zone–A၊ အခန်းအမှတ်(၁၁၂၀)၊ LEVEL(၁၁)၊ RC (၁၂)ထပ် အဆောက်အဦမှ ဧရိယာ (၆၂၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအေးချမ်းထွန်း [၁၂/လမတ(နိုင်)၀၂၆၀၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မီမီကို [၉/မဟမ(နိုင်)၀၁၀၄၄၉]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီကို၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း၊ CITY LOFT၊ တိုက်အမှတ် CL–7 1st Floor၊ အခန်းအမှတ် (၁၁၅)၊ RC (၈)ထပ် အဆောက်အဦမှ ဧရိယာ (၄၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်သီတာလှိုင်[၁၄/ညတန(နိုင်)၀၀၁၆၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ဆောင်းနှင်းဖြူ [၁၂/လမန(နိုင်)၁၅၈၀၇၆]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆောင်းနှင်းဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၉၇၆၅)** |
| **ဖုန်း–၀၉–၅၄၀၁၉၄၀** | **ဖုန်း–၀၉–၄၂၈၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သံချပ်ဝန်ဦးညွန့်လမ်း၊ (၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉)၊ မြေကွက်အမှတ်(၈၈)၊ ဧရိယာ (၂.၄၀၃)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အဆောက်အဦသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဖခင် ဦးတင်အေး(ခ)ချမ်းကြုံ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ယင်းမြေကွက်နှင့် အဆောက်အဦတို့အား သားသမီးအရင်းများဖြစ်သော (၁) ဒေါ်ကေသီခိုင် [၁၂/လသန(နိုင်)၀၀၀၇၂၇]၊ (၂) ဦးထွန်းနိုင်[၁၂/လသန(နိုင်)၀၁၈၆၃၀]၊ (၃) ဒေါ်သဇင်ခိုင် [၁၂/လသန(နိုင်)၀၂၀၅၆၄]တို့အား မိဘ၏ချစ်ခြင်းမေတ္တာ စေတနာသက်သက်ဖြင့် အဖိုးစားနား တစ်စုံတစ်ရာရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့သို့ မေတ္တာဖြင့်ပေးကမ်းခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားအကြောင်းပြချက်နှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက သက်ဆိုင်ရာဌာနတွင် ပေးကမ်းခြင်းခံရသူများ၏ အမည်ဖြင့် တရားဝင်အမည်ပြောင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးတင်အေး(ခ)ချမ်းကြုံ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B,D .B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၈၉၇)**
**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (A-098)၊ အကျယ်အဝန်း(ဝ. ၃၁၈)ဧက၊ ၁၃၈၅၅ စတုရန်းပေရှိ ရေ၊ မီးအပါအဝင် အိမ် နှင့် မြေအကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ ဒေါက်တာ လင်းထွန်းထွန်း (၁၃/လရန(နိုင်) ၀၁၀၀၂၅) သည် မိမိကိုယ်တိုင်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ဇင်မီမီစိုး**

အထက်တန်းရှေ့နေ

(LL.B, D.M.L)(စဥ်-၄၁၄၀၀)

**Ph : 09-43124898, 09-405100500**
**No. 450, (9) Ward, ZarNi (12) Street, South Okkalarpa Township, Yangon.**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်ငြိမ်း၏သား မောင်ဇော်မျိုး [၁၂/ကမန(နိုင်) ၀၈၅၇၁၁]၏ နိုင်ငံကူးလက်မှတ် အမှတ် (MF–၁၈၃၃၁၂) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၈၄၁၈၄၀၃၇**

## အမည်ပြောင်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ တိုးတက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် Grade -4 တက်ရောက်မည့် အဖ ဦးအောင်ချမ်းငြိမ်းလင်း ၏ သားဖြစ်သူမောင်လင်းမြတ်အောင်အား မောင်အောင်သန့်ဂုဏ် ဟု ပြောင်းလဲခေါ်ဝေါ်ပေးပါရန်။

မောင်အောင်သန့်ဂုဏ်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ ဓမ္မစေတီလမ်းနှင့် ရွှေဂုံ(လင့်လမ်း)ထောင့်၊ ရွှေဂုံ(လင့်လမ်း)အိမ်ရာ၊ တိုက်(စီ)၊ အခန်း (၂၀၆) ဒုတိယထပ်၏ အမည်ပေါက် ဦးကျော်စွာလှိုင် [၉/မမန(နိုင်)၀၁၂၈၃၂]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးတင်ကိုလတ် [၁၀/မလမ(နိုင်)၁၆၉၂၄၆]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်– ၄၇၊ ဦးပိုင်အမှတ် (၂၉)/ ၇၈လမ်း၊ ၁၁x၁၂ လမ်းကြားရှိ ဦးခင်ဦး၊ ဒေါ်သန်းညွန့် အမည်ပေါက် ဘိုးဘမြေကွက်အား၊ ခင်ပွန်း ဦးခင်ဦး ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဇနီး၊ ဒေါ်သန်းညွန့် [၉/မနမ(နိုင်)၀၁၈၉၂၈]က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၉)၊ ဆရာစံ(၂)လမ်း၊ မြေကွက်အမှတ်(၇၄၂)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ စတုရန်းပေ (၂၄၀၀)ပေရှိ မြေကွက်အား မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနမှ မြေနေရာချထားပေးခြင်းခံရသူ **ဒေါ်ရှီလာ(ခ)ဒေါ်အုန်းမြင့်(AD/၀၂၈၁၂၁)** အမည်ပေါက်မြေကွက်ကို အရောင်းအဝယ်အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ **ဒေါ်သန်းသန်းမြင့် [နိုင်ငံသားအမှတ် ၁၀/မလမ(နိုင်)၁၁၅၅၁၈]** ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၁)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၂၄၅)နေသူက ယင်းမြေကွက်အား ၎င်း ဝယ်ယူပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကြေညာခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သိမ့်သိမ့်စိုး [နိုင်ငံသားအမှတ်–၉/မခန(နိုင်)၂၄၇၁၀၃]**က ဝယ်ယူရန်သဘောတူသဖြင့် မြေကွက်အရောင်းအဝယ်စရန်ငွေ (၂)ကြိမ်ပေးပြီး (၁၀–၂–၂၀၂၂)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်အပြီးအပိုင်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် မည်သူ့ကိုမှ ပြန်လည်ရောင်းချခြင်း၊ အငှားချထားခြင်းမရှိကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သိမ့်သိမ့်စိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးအောင်**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၅၄၃၃) (၁၉–၁၀–၁၉၉၀)**
**အမှတ်– ၁၃၅၆၊ ၃၇–လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၄၂၀၃၁၉၉၄၃**

## “ကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ မြေကွက်အမှတ် (၁၃/၆ + ၁၆/၂)၊ ဧရိယာ (၀.၀၇၂)ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်နှင့် စပ်လျဉ်း၍ ရောင်းချမည်ဖြစ်ပါကြောင်း ယခုလက်ရှိအမည်ပေါက်များဖြစ်ကြသော (ပိုင်ရှင်) ဦးဌေးလွင် [၁၂/တမန(နိုင်)၀၅၄၆၅၃]နှင့် ဒေါ်စုနန္ဒာမောင် [၁၂/သဃက(နိုင်)၀၄၂၁၁၆]တို့ဖြစ်ကြရာဝယ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုနန္ဒာမောင်မှာ အထက်ပါ ခြံနှင့်အိမ်အား ၎င်းပိုင်ဆိုင်ခွင့်ရှိသည့်အလျောက် ရောင်းချမည်ဖြစ်ကြောင်း ဦးဌေးလွင်အား အသိပေးအပ်ပါသည်။ ယင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ဦးဌေးလွင်မှ လာရောက်ညှိနှိုင်းနိုင်ပါသည်။ သတ်မှတ်ထားသည့် (၇)ရက်အတွင်း လာရောက်မညှိနှိုင်းပါက ဒေါ်စုနန္ဒာမောင် ပိုင်ဆိုင်မှု(တစ်ဝက်)ကို အတိအကျခွဲခြမ်းပြီး အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုနန္ဒာမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုနိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဥ် – ၃၂၅၅၃)**
**အမှတ် (၃၅၄)၊ ဖေယျာသီရိ (၁၂) လမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉၁)၊ ဇလွန်မြစ်လမ်းသွယ်၊ မြေကွက်အမှတ် (၄၈၈)၊ ဧရိယာအကျယ်အဝန်း (၄၀ပေx ၆၀ပေ) ရှိသော ဦးရဲမြင့် အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) ဧရိယာအကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိသော မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်သူ ဦးအောင်နိုင်ဦး မှတ်ပုံတင်အမှတ် [၁၂/သကတ(နိုင်)၀၅၈၂၃၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စုရည်လင်း LL.B, LL.M (အထက်တန်းရှေ့နေ) (စဥ်– ၂၅၃၇၄)**
**အမှတ်(၈၈)၊ ပဒ္တမြား(၂)လမ်း၊ (၁၀)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၆၄၂၀၇၅၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ဗိုလ်ကြာညွန့်လမ်း၊ မြေကွက်အမှတ်(၂၇၅)၊ မြေအကျယ်အဝန်း–အလျားxအနံ (၄၀ပေx ၆၀ပေ)၊ ဦးအေးထွန်းလှိုင်( RRE–၀၀၄၁၈၁) အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသက်[၁၂/သဃက(နိုင်)၀၃၉၂၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဟော်ကျင်ဖိန်း [၁၃/ကခန(နိုင်)၁၃၆၀၂၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း တရားလွှတ်တော်ရှေ့နေ (စဥ် – ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း– ၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကယားပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လွိုင်ကော်မြို့နယ်၊ လောလာလိ-မထောခူ (အောက်) ကျေးရွာ ကျေးလက်လယ်ယာကုန်ထုတ်လမ်း၊ တံတားလုပ်ငန်း၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါပိုးစီကျေးရွာ ကျေးလက်လယ်ယာကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းနှင့် လွိုင်ကော်မြို့နယ်၊ နိုးကိုး (ရွာမ) ကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်း၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါပိုးစီကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - (၁၄-၅-၂၀၂၄) မှ (၂၈-၅-၂၀၂၄) ရက်နေ့ထိ ( ရုံးချိန်အတွင်း ) |
| (ခ) တင်ဒါလျှောက်လွှာတင်သွင်း ရမည့် ရက်/အချိန် | - (၂၉-၅-၂၀၂၄) (၉:၃၀ မှ ၁၆:၃၀) နာရီထိ |
| (ဂ) တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ တောင်ကြီးမြို့၊ ကယားပြည်နယ်ခန်းမ၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်၊ |
| (ဃ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - ကယားပြည်နယ်ခန်းမ၊ ကန္တရဝတီလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ် |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရုံးဖုန်းနံပါတ်-၀၉-၄၂၈၀၀၅၈၈၀၊ ၀၉-၂၆၂၂၅၄၀၇၈၊ ၀၉-၂၆၉၄၉၀၅၈၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ပုလဲလမ်း၊ မြေကွက်အမှတ်(၃၈၀/ခ)၊ အကျယ်ပေ(၂၄ x ၆၀) ရှိ ဦးသိန်းထွန်းအမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေမှာ ဖခင်ဦးသိန်းထွန်းအမည်ဖြင့် နှစ်(၆၀)ဂရန်ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ဖခင်ဦးသိန်းထွန်းနှင့် မိခင်ဒေါ်လှကျင်တို့ကွယ်လွန်ပြီးနောက် သားသမီးများဖြစ်သော ဒေါ်သင်းသင်းလှိုင် [၁၂/ဥကမ(နိုင်)၁၄၂၈၇၈]၊ ဒေါ်ခင်အေးဟန် [၁၂/ဥကမ(နိုင်)၂၇၃၄၅၂]၊ ဦးဇော်မင်းထွန်း [၁၂/ဥကမ(နိုင်)၁၇၆၉၅၉]နှင့် ကွယ်လွန်သူ ဦးအောင်ကိုကိုထွန်း [၁၂/ဥကမ(နိုင်)၁၄၂၄၇၂] ကိုင်ဆောင်သူ၏သားဖြစ်သူ ဦးကောင်းဇေယျ [၁၂/ဥကမ(နိုင်)၂၇၃၄၅၂] ကိုင်ဆောင်သူတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုခဲ့မှုအပေါ် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်စိုး [၅/ကနန(နိုင်)၀၈၀၃၇၅] ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအိမ်မြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၂၅-၅-၂၀၂၄)ရက်နေ့နောက်ဆုံးထား၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းယုအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၃၂၀)**
**ရှေ့နေများနားနေခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့။**
**Ph:09-255779105**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၁)၊ ဦးပိုင်အမှတ်(၂၂)၊ ၆၂ x ၆၃ လမ်းကြား၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ ဦးထွန်းကျော် အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးထွန်းကျော်(မိခင်)ဒေါ်အုန်းမြိုင် (သား)ဦးအောင်သိန်းတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၀၀၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် သားများနှင့် ချွေးမဖြစ်သည့် ဦးဘိုသိန်း[၉/မရတ(နိုင်)၀၈၃၆၈၃]၊ ဒေါ်အေးအေးဝင်း[၉/မရတ(နိုင်)၁၂၅၅၆၇]၊ ဦးအောင်မိုး[၁၃/ကမန(နိုင်)၀၁၁၁၂၁]၊ ဦးမင်းမင်းထွန်း[၉/မရတ(နိုင်)၁၂၃၈၃၂] တို့၏ (GP) ရရှိ သူ ဦးမင်းသူကျော်) တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၀၄၇၆/၂၀၂၄-၂၀၂၅ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၅)၊ ဦးပိုင်အမှတ်(၁၂)၊ ၆၃ လမ်း၊ ၂၃ x ၂၄ လမ်းကြားရှိ ဒေါက်တာထွန်းရည်အမည်ပေါက် ဂရန်မြေကွက်အား ဦးထွန်းရည်သည် ဒေါ်ရီရီသွယ်နှင့် လက်ထပ်ခဲ့ပြီး မထားစုမြတ်နှင့် မခင်သင်းသင်းရီတို့ကို မွေးဖွားခဲ့ပါသည်။ ဦးထွန်းရည်နှင့် ဒေါ်ရီရီသွယ်တို့ ကွာရှင်းခဲ့ကြပြီး ဒေါ်စိမ်းစိမ်းအောင်နှင့် ထပ်မံအိမ်ထောင်ပြုခဲ့ပါသည်။ ဦးထွန်းရည်ကွယ်လွန်သောအခါ သမီးများဖြစ်သည့် မထားစုမြတ်၊ မခင်သင်းသင်းရီတို့က ဒေါ်စိမ်းစိမ်းအောင်အပေါ် မန္တလေးတိုင်းတရားရုံးတွင် အမွေခွဲဝေပေးရန် တရားစွဲဆိုခဲ့ရာ သမီးများက အနိုင်ရခဲ့သော်လည်း သမီးများမှာ မိခင်နောက်သို့လိုက်ပါနေထိုင်ခဲ့သဖြင့် အမွေဆက်ခံခွင့်မရှိတော့ကြောင်း၊ သို့သော် ဒေါ်ခင်သင်းသင်းရီမှ ၎င်း၏သားများဖြစ်သော မောင်ကောင်းခန့်စိုးနှင့် မောင်အောင်စွမ်းပြည့်တို့က အဘိုးပိုင်ပစ္စည်းများခွဲဝေပေးရန် တရားစွဲဆိုခဲ့ရာ အမွေဝေစု (၂၀ ပုံ ၉ ပုံ) ရထိုက်ကြောင်း အယူခံမှုအမှတ်(၁၅၈/၂၀၁၂) တွင် အမိန့်ချမှတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၂၄၅/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်စိမ်းစိမ်းအောင်၊ မောင်ကောင်းခန့်စိုး၊ မောင်အောင်စွမ်းပြည့် တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၄၄/၂၀၁၆)ဖြင့် ဒေါ်ချိုချိုမော်က ဝယ်ယူခဲ့ပြီး ဒေါ်ချိုချိုမော်၏ (SP ရရှိသူ ဦးထက်မြတ်အောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၆၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးထွန်းထွန်းဝင်း [၅/မလန(နိုင်)၀၀၀၉၃၃]၊ ဒေါ်နီနီဝင်း[၅/မလန(နိုင်)၀၀၀၈၆၂]တို့က အမှုတွဲအမှတ်-၀၄၅၉/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မြောက်/အရှေ့) ရပ်ကွက်၊ မုန်ရဝေလမ်း၊ အမှတ်(၃၉)ဟု ခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ် ( ၄ လွှာ) အကျယ်အဝန်း (၂၀ ပေ x ၄၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွဋ်အောင် [၁၂/ရကန(နိုင်)၀၂၁၃၇၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထား(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဆန်းဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉)၊ လူနေရပ်ကွက်အမှတ်-(၄၉)၊ မြေကွက်အမှတ်(၅၉၁)၊ စောခွန်ရစ်လမ်း၊ ဧရိယာ(၁၂' x ၆၀') အကျယ်ရှိမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှလှအေး [၁၂/သဃက(နိုင်)၀၅၀၉၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့်မူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန် ဖိတ်ခေါ်အပ်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအောင် (LL.B, Dip in Business Law)**
**တရားလွှတ်တော်ရှေ့နေ (၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၄၁၈**

## အထူးကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်း

ဒေါ်မြညွန့် [၁၂/အစန(နိုင်)၀၁၅၃၅၆] မှ ဒေါ်ကေသီရှိန် [၁၂/ကမရ(နိုင်)၀၂၇၅၂၆] ကို (၈-၁၁-၂၀၂၃) ရက်စွဲဖြင့် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၂၃၈၈၃/၂၀၂၃ ဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာကို လွှဲအပ်ခြင်းခံရသူ ဒေါ်ကေသီရှိန်၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီရှိန်**
**[၁၂/ကမရ(နိုင်)၀၂၇၅၂၆]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်အမှတ်(၂၁-ခ)၊ ၁၁၂ x ၁၁၃ လမ်းကြား၊ ၅၅ လမ်းနှင့် ပရန်တော်ချောင်းကြားရှိ ဦးသန်းကိုအမည်ပေါက် တောဂရန်မြေကွက်အား ချမ်းမြသာစည်မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၃/၂၀၂၃) ဦးဘုန်းနိုင်ထူးပါ(၂)ဦးနှင့် ဦးသန်းကိုတို့အမှုတွင် ချမှတ်ခဲ့သော (၂၇-၂-၂၀၂၃)ရက်စွဲပါစီရင်ချက်နှင့် ဒီကရီအရ ဦးသန်းကိုထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၃၇၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးဘုန်းနိုင်ထူး[၅/မရန(နိုင်)၁၈၀၀၈၇]၊ ဒေါ်သန္တာထွေး[၅/ဆလက(နိုင်)၀၅၆၉၄၆]တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၄၆၀/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၁

**၁။ ဒေါ်ခိုင်ခိုင်စိုး နှင့် ဒေါ်သန်းတင့်မွန်**
**(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်စန်းစန်းဌေး)**
**၂။ ဒေါ်စန်းစန်းဌေး**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်-၆၀၃ နေ ဒေါ်သန်းတင့်မွန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေလ၊ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၄၆၃)၊ မြေအကျယ်အဝန်း(၄၀ပေ × ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေ၊ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဒေါ်စီ(AF-၀၄၇၂၁၈)(၁၂/တမန(နိုင်)၀၁၂၈၂၉)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီး အပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄)
**ဒေါ်ကေကေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဥ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ စောရန်နိုင်လမ်း၊ မြေကွက်အမှတ်(၂၃၁)၊ မြေအကျယ်အဝန်း(၄၃ပေ × ၆၀ပေ)၊ ဧရိယာ(၀.၀၅၉)ဧက၊ (၂၅၈၀) စတုရန်းပေ၊ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် နော်ဖလောရင့်စ်(၇/တငန(နိုင်)၁၃၁၉၁၃)အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်း အဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဥ်-၁၆၅၅၄)
**ဒေါ်ကေကေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဥ်-၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဥ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## ပျောက်ဆုံးကြောင်း

(ဘ) ဦးထွန်းခိုင် ၏သား မောင်နေလင်းစံ [၁၂/သဃက (နိုင်)၂၁၉၅၉၆]၏ နိုင်ငံကူး လက်မှတ် (မမှတ်မိ) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၃၂၇၇၉၇**

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ ကမ်းနားလမ်း၊ အောင်ဇေယျ အိမ်ရာ၊ တိုက်(၂)၊ အခန်း(၄၀၈) ၏ အမည်ပေါက် ဒေါ်ခင်ရီ [၁၂/အလန(နိုင်)၀၂၆၀၁၅] ထံမှ ဒေါ်ယုဝေဦး [၁၂/အလန(နိုင်) ၀၄၁၉၄၉]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့် စာအုပ်တွင် အမည်ပြောင်းလဲပေး ပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**(ရုံးချုပ်)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ-ရပ်ကွက်၊ အကွက်အမှတ်-ပပ-၁၁၊ ဦးပိုင်အမှတ်(၁၁)/၆၀ B x ၆၁ လမ်း၊ ၁၃၄ x ၁၃၅ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်ချစ်ချစ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ် (၄၂၃၈/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်း ဦးရဲမြင့်အောင် [၉/မရမ (နိုင်)၀၁၉၅၉၂]က ဘဏ်ချလန်မူရင်း(၁)ရွက်၊ ငွေရပြေစာမူရင်း(၂)ရွက်၊ ၁၀၅ မြေပုံမူရင်း ၂ ရွက်တို့မှာ အသိမ်းလွန်၍ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုးအမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)
## သန်လျင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၃

| | |
|---|---|
| ဦးတေဇဝင်း | ၁။ ဒေါ်မြင့်မြင့်ဝင်း |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | ၂။ ဒေါ်ခင်သီရိဝင်း |
| ဒေါ်ကေသီလွင်) | ၃။ ဒေါ်ခင်သီတာဝင်း |
| **တရားလို** | **တရားပြိုင်များ** |

အမှတ် (၁၂၆)၊ (၃၂)လမ်း၊ ၁၀-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ ) ဒေါ်ခင်သီတာဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတေဇဝင်းက **"အမွေပုံစီမံခန့်ခွဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူတို့၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ၊ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၂ ရက်နေ့) မွန်းမတည့်မီနံနက် (၁၀:၀၀) နာရီတွင် အထက်ပါအမည်ပါသူများ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ် လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သန်လျင်ခရိုင်တရားရုံး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူမျိုးစွဲ၊ ဒေသစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲများကို ရှောင်ကြဉ်ကာ သဘောထားကြီးမှု၊ ခွင့်လွှတ်နိုင်မှု၊ ညီညွတ်မှုတမှု၊ စိတ်စေတနာကောင်းမှု၊ ဉာဏ်ပညာအမြော်အမြင်ကြီးမှုတို့ကို အခြေခံ၍ အမျိုးသားရေးစိတ်ဓာတ်များဖြင့် စည်းလုံးညီညာစွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေများ အခမဲ့ပေးဝေ

ပုသိမ် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးသည့် မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ အခမဲ့ပေးဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

လပွတ္တာမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးစိမ်းကိုကို ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦးတို့သည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် စည်ပင်သာယာဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၈၀၀၊ ခါတော်မှီဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၈၀၀ ကိုလည်းကောင်း၊ မြောင်းမြခရိုင် မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဝင်း ဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့သည် မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် ပိုးလောင်းကျေးရွာအုပ်စု စမ်းချောင်းကလေးကျေးရွာနှင့် ပိုးလောင်းကျေးရွာတို့သို့ ရေဂါလန် ၃၂၀၀ ကိုလည်းကောင်း အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း နှစ်ပွဲဆက်အနိုင်ရ

ရန်ကုန် မေ ၁၄

၂၀၂၄ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) နောက်ဆုံးနေ့ကို မေ ၁၄ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပိုင်းသိသိသာသာတိုးတက်လာသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်းကြီးနှစ်သင်းဖြစ်သည့် မြဝတီနှင့် သစ္စာအားမာန်အသင်းကို နှစ်ပွဲဆက် ဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းမှာမူ အံ့အားသင့်ဖွယ် နှစ်ပွဲဆက်အရေးနိမ့်ခဲ့ပြီး လာမည့်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

ရန်ကုန်အသင်းကို ဝါရင့်တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းက ဦးဆောင်ကာ ဆွေမာအောင်၊ နန်းချိုမွှေး၊ ယွန်းဝတီလှိုင်၊ ဇင်မိုးပြည့်တို့ဖြင့် လူစုံခဲ့ပြီး သစ္စာအားမာန်အသင်းတွင် ဝင်းဝင်း၊ မြတ်နိုးခင်၊ ဝေဖူးအိမ်၊ ခင်မိုမိုထွန်း၊ ငယ်ငယ်ထွေးတို့ဖြင့် အမာခံကစားသမားအစုံအလင် ပါဝင်ခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ✽



ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း ယှဉ်ပြိုင်ကစားစဉ်။

**ယနေ့** ဖတ်စရာ

**တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**အောင်လံမြို့တွင် ကွယ်လွန်သူအစား စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းနှင့် အုတ်ဖိုမြို့တွင် စစ်မှုထမ်းရန်ငြင်းဆိုသည့် လူငယ်ခုနစ်ဦးနှင့် မိသားစုဝင် ၁၁ ဦးကို ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

**နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ Buraydah မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်**

စာမျက်နှာ » ၁၈